# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်မှ ဆရာတော် အရှင်ဇောတိကာလင်္ကာရ အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅) ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၅၂ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး

စာမျက်နှာ ၃ ကော်လံ ၁ ❍

**ယနေ့ ဖတ်စရာ**

**အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော် (ရေ) မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်**

ပြည်တွင်းသတင်း စာ ၁၀

**အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် (လေ) မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်**

ပြည်တွင်းသတင်း စာ ၁၄

# ကျောင်းအမြန်အပ်နှံစို့

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ မိဘပြည်သူ ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမများ စည်ကားလှုပ်ရှား နေကြသည့် မြင်ကွင်းများကို တွေ့မြင်ရပြီဖြစ်သည်။ ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သော မေလ ၂၃ ရက်မှ မေလ ၃၁ ရက်နေ့အထိ ကလေးများ ကျောင်းအပ်နှံကြရေး အတွက် "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဟူသောဆောင်ပုဒ်ဖြင့် တိုက်တွန်း နှိုးဆော်ထားခြင်းဖြစ်ရာ မိမိတို့၏ ရင်သွေးကလေးများ ကျောင်းနေအရွယ်တွင် ရောက်ရှိနေပါက ကျောင်းအပ်နှံကြရန် တာဝန်ရှိသော မိဘအုပ်ထိန်းသူများ မဖြစ်မနေ မြန်မြန် ဆန်ဆန် ကျောင်းအပ်နှံပေးကြဖို့လိုသည်။ ပညာသင်ကြားခြင်း သည် ကလေးတို့၏ ဘဝရေ့ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည်ကို မိဘတိုင်းက ရိုးရှင်းစွာ ရှုမြင်ကြရန် လိုပြီး နိုင်ငံရေးအမှောင့်ပယောဂကြောင့် သားသမီးတို့ ပညာ ရေးဆုံးရှုံးမှုမဖြစ်စေရန်လည်း သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံတော်တွင် ပညာရေးအားနည်းခြင်းသည် လူစွမ်းအား အရင်းအမြစ် အားနည်းခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နိုင်ရန် ပညာရေးမြှင့်တင်မှုကို အလေးထားဆောင်ရွက်လျက်ရှိသည်။ မိမိတို့နိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ အခြေခံပညာအလယ်တန်းနှင့် အောက် အဆင့်ရှိသူများ၊ ပညာမသင်ကြားခဲ့ရသူများဖြစ်ပြီး ပညာရေး အားနည်းရခြင်း၏ အခြေခံအကြောင်းရင်းမှာ ဆင်းရဲမွဲတေမှု နှင့် ဆက်နွယ်နေသည်။ ထို့အပြင် ဒေသမတည်မငြိမ်ဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျောင်းတက်ရန် ဝေးလံ ခြင်း၊ ဘာသာစကားအခက်အခဲရှိခြင်း စသည့်အခြားအကြောင်း အရာများလည်း ပါဝင်နေသည်။ ကျောင်းနေအရွယ်ကလေးငယ် တိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံး သည်အထိ ပညာသင်ကြားနိုင်ရန် ပညာရေးရည်မှန်းချက် ချမှတ်၍ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ကျောင်းသူကျောင်းသားတိုင်း အခြေခံပညာအလယ် တန်းအဆင့် ပြီးဆုံးသည်အထိ မသင်မနေရ သင်ယူကာ ယင်းမှတစ်ဆင့် အခြေခံပညာအထက်တန်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ စသောသက်မွေးဝမ်းကျောင်းပညာများသို့ ဆက်လက်သင်ယူကြခြင်းဖြင့် မိမိတို့၏ ဘဝရေ့ခရီးကို ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ သက်မွေး ဝမ်းကျောင်းပညာ (Vocational Training) မှ သင်ယူခဲ့သော ပညာရပ်များနှင့် ဖွံ့ လုံ့လ ဝီရိယ၊ တီထွင်ဖန်တီးမှုတို့ ပေါင်းစပ် ကာ ကြီးပွားချမ်းသာခဲ့ကြသည့် သာဓကများစွာရှိနေရာ နိုင်ငံတော်က စီမံဖန်တီးပေးထားသည့် ပညာသင်ယူမှုအခွင့် အလမ်းများကို မလွတ်တမ်း ဆုပ်ကိုင်ရယူနိုင်ကြပါရန် အလေး အနက်တိုက်တွန်းလိုသည်။

အမျိုးသားပညာရည်မြှင့်တင်ရေးအတွက် နိုင်ငံတော် အစိုးရက ပညာသင်ကြားရေးကို ပထမဦးစားပေးအဖြစ် ဖော်ဆောင်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့်လည်း ဒေသအလိုက် ပညာသင်ကြားရေးနှင့် ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဦးစားပေးအလေးထားဆောင်ရွက်ရန်၊ စာသင်ကျောင်းများ အားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အားပေးကူညီဆောင်ရွက် ကြရန်တို့ကိုလည်း နိုင်ငံတော်အကြီးအကဲက မှာကြားထားရာ ပညာသင်နှစ်သစ်အစ ကျောင်းဖွင့်ရာသီတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ကျောင်းတက်ရာခိုင်နှုန်းနှင့် တန်းစဉ် ကူးပြောင်းမှုနှုန်းများ ပိုမိုမြင့်မားလာရေးတို့အတွက် အလေး ထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးအခြေအနေကောင်းမွန် မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်၏ အမျိုးသားပညာရည် မှာလည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ပညာရေးသည် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ အတွက် ဘဝရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် အရည်အချင်းဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း အထောက်အကူပြုနိုင်သည့် လိုအပ်ချက်ဖြစ်သည်။ နိုင်ငံ၏ ပညာရည်အဆင့်အတန်း မြင့်မားရေးအတွက် ကျောင်းနေအရွယ် ကျောင်းသူ ကျောင်းသားတိုင်း ကျောင်းအမြန်အပ်နှံနိုင်ကြရန် တာဝန်ရှိသူတိုင်းက ဝိုင်းဝန်း ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ



နေပြည်တော် မေ ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ လုံခြုံရေးကောင်စီ အတွင်း ရေးမှူး H.E.Mr. Nikolay Patrushev ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ မော်စကိုမြို့၌ မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စ ရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိ ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေပိုင်း တွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့အား ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန တာဝန် ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

## လေကြောင်းနှင့် အာကာသဆိုင်ရာပြခန်းဖွင့်ပွဲနှင့် ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင်ရုပ်တုလွှဲပြောင်းလက်ခံပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန မြန်မာနိုင်ငံလေကြောင်း နှင့် အာကာသပညာတက္ကသိုလ် ရှိ လေကြောင်းနှင့် အာကာသ ဆိုင်ရာ ပြခန်းဖွင့်ပွဲနှင့် ကမ္ဘာ့ ပထမဦးဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ ရုပ်တုလွှဲပြောင်း လက်ခံပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသ ကြီး မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုး အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား နိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သံရုံးအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ လေကြောင်းနှင့် အာကာသဆိုင်ရာ ပြခန်းဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသ ကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော် မင်းနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။



ထို့နောက် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင် ရုပ်တုလွှဲပြောင်းလက်ခံပွဲ အခမ်း အနား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ နိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ် ကြီး Dr. Nikolay Listopadov တို့က အမှာစကား ပြောကြား ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် သံအမတ်ကြီးတို့က ကမ္ဘာ့ပထမဆုံး အာကာသယာဉ် မှူး ယူရီဂါဂါရင်ရုပ်တုကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)က စားသုံးကုန်များ လှူဒါန်း

**စစ်တွေ မေ ၂၃**

မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ပြည်သူများသို့ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) မှ ဆက်နွယ်သောလုပ်ငန်းရှင် မိသားစုများဖြင့် စုပေါင်း၍ ဆန်၊ ဆီ၊ ဆား၊ တာပေါ်လင် (မိုးကာစ)များကို လှူဒါန်းခဲ့ကြ သည်။အဆိုပါ လှူဒါန်းမှုမှာ ၁၀ ဘီးကား ၁၆ စီးဖြင့် ဆန်အိတ်ပေါင်း ၃၁၉၃ အိတ်၊ ဆားပိသာ ၁၅၀၊ ဆီပိသာ ၆၅၀၀၊ တာပေါ်လင် (မိုးကာစ) အလိပ် ၅၀၀ တို့ ဖြစ်သည်။

စစ်တွေသို့ ထွက်ခွာမည့် ပစ္စည်းများတင်ဆောင်ရာ လှိုင်သာယာ မြို့နယ် စက်မှုဇုန်(၅)သို့ မေ ၂၂ ရက်က ဗဟို ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အတွင်း ရေးမှူး ဦးအောင်မျိုးသန့် ဦးဆောင်သော အလုပ်အမှုဆောင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

○ *ရွှေဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊



သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က သာရဏီယ ဩဝါဒ ကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ – ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို က သာသနာရေးဆိုင်ရာများကိုလျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြရာ မူလအဘိဓမ္မိက အောင်မြင်တော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ ဆရာတော် အရှင်ဇောတိကာလင်္ကာရနှင့် အရှင်ဝါသဝါလင်္ကာရ တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မူလအဘိဓမ္မိက အောင်မြင်တော်မူကြသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ဝိသုဒ္ဓ၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဣန္ဒကာလင်္ကာရနှင့် ဒီဃနိကာယကောဝိဒ အောင်မြင်တော်မူကြသည့် မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဂန္ဓမာတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း က ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် နှစ်ပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ရှစ်ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ရှစ်ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၃၇ ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၈၅ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း မူလအဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ဝိသုဒ္ဓ အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

**အနုမောဒနာတရားနာယူ**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသ ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ *စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

**၁၅၂ ပါး အောင်မြင်တော်မူခဲ့**

(၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် သုတ္တန္တပိဋက ဒီဃနိကာယ်ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် သုံးပါး၊ ဝိနယပိဋက ဝိနည်းတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် ရှစ်ပါး၊ ဝိနယပိဋကဝိနည်း (ပထမပိုင်း) ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ခုနစ်ပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာ (ပထမပိုင်း) ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် လေးပါး၊ သုတ္တန္တပိဋက ဒီဃနိကာယ်အာဂုံအောင် ဒီဃဘာဏကဘွဲ့ရ သာသနာ့ အာဇာနည် အရှင်မြတ် ရှစ်ပါး၊ ဝိနယပိဋက ဝိနည်း (ဒုတိယပိုင်း) အာဂုံအောင် ဝိနယဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၃၇ ပါး၊ ဝိနယပိဋက ဝိနည်း (ပထမပိုင်း) အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် ၈၅ ပါး စုစုပေါင်း ၁၅၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

**သာသနာ့အကျိုးကို ဆက်လက်သယ်ပိုး**

ယခု ကျင်းပပြီးစီးခဲ့သည့် (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲအထိ (၇၅) နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့ အာဇာနည် အရှင်သူမြတ် ခုနစ်ပါး ခဲ့ပြီး သာသနာ့အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက် တော်မူလျက်ရှိကြောင်း သတင်း ပေါ်ထွန်း ရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့တွင် အလွန့်အလွန် အင်အားပြင်းထန်သော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၁) နှင့် ၆၆/၁၁ ကေဗွီ အမှတ် (၂) ဆတ်ရိုးကျ ဓာတ်အားခွဲရုံတို့အတွင်းရှိ ပြန်လည်ပြင်ဆင်နေမှုများနှင့် ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်နယ် အင်ဂျင်နီယာရုံး၊ ညော့်ရိုပ်သာသနာ့ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ စစ်တွေမြို့ မေယု လမ်းမတစ်လျှောက်၊ မင်းဘာကြီးလမ်း တစ်လျှောက်နှင့် ပြည်နယ် လွှတ်တော် လမ်းတစ်လျှောက် ဖြန့်ဖြူးရေးဓာတ်အား လိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ၆၆/၁၁ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၁)၊ Control Room နှင့် လေဘေးကြောင့် ပျက်စီးသွားသည့် မီးစက်အဆောက်အအုံ၊ စစ်တွေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ငွေလက်ခံကောင်တာနှင့် ခွဲရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ ပစ္စည်းသိုလှောင်ရေး အဆောက်အအုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး မှာကြားကာ ဝန်ထမ်းနှင့် မိသားစုများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ အင်ဂျင်နီယာချုပ်၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ၊ ဘဏ္ဍာရေးတာဝန်ခံ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်ပြီး ၆၆/၁၁ ကေဗွီ အမှတ် (၂) ဆတ်ရိုးကျ ဓာတ်အားခွဲရုံ ဝင်းအတွင်းရှိ လေဘေးကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ အခြေအနေ၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း ပျက်စီးသွားသည့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ပြန်လည်ပြင်ဆင်နေမှု အခြေအနေနှင့် စစ်တွေလေဆိပ် လမ်းတစ်လျှောက်ရှိ ဓာတ်အားဖြန့်ဖြူးရေး လိုင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။ (ဓါတ်ပုံ)

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယအင်ဂျင်နီယာချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှ လုပ်ငန်းလာရောက်ဆောင်ရွက်သော တာဝန်ရှိသူများကို တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့မှုများမှ ဓာတ်အားအမြန်ဆုံး ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်း လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မိန့်ကြားတော်မူသော သာရဏီယသြဝါဒကထာ

(၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ( ၅ ) ရက်၊ (၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်၊ အင်္ဂါနေ့)

(၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် မူလအာဘိဓမ္မိက၊ ဒီဃဘာဏက၊ ဝိနယဓရ၊ ဥဘတောဝိဘင်္ဂဓရ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ၊ ဥဘတောဝိဘင်္ဂကောဝိဒ စသည် ခန်းခန်းအောင်ပွင့်ပန်းကို လန်းလန်းရွှင်ရွှင် ပန်ဆင်ကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ သာသနာ့ဒါယကာ၊ ဒါယိကာမများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသည့် ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား အမှတ်ရဖွယ် အောက်မေ့ဖွယ်ရာဖြစ်သော သာရဏီယသြဝါဒစကား မြွက်ကြားလိုပါသည် ဘုရား။

ယင်းဒေသနာတော်အရ မြတ်စွာဘုရားရှင်သည် သာသနာတော်တွင် ပိဋကတ်ကျမ်းဂန်များကို သင်အံကျက်ဆောင်၍ ပရိယတ်ဘောင်အတွင်း ကြောက်ရွံ့ခြင်းကင်းကာ ရဲဝံ့စွာဖြင့် သင်ကြားပို့ချ ဟောပြနိုင်ပြီး သာသနာတော်အတွင်း ချင်းနင်းဝင်ရောက် ပေါ်ပေါက်ဖြစ်ရှိလာသည့် သူတစ်ပါး၏ မိစ္ဆာဝါဒများကိုလည်း သုတ်သင်ပယ်ရှင်း နှိမ်နင်းနိုင်သည့် အရည်အချင်းပြည့်ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာစေလိုသော ဆန္ဒတော်မြတ် ရှိတော်မူသည်ကို ကြည်ညိုသိရှိနိုင်ပါသည် ဘုရား။

ဤသို့အရည်အချင်းပြည့်ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာမှသာ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့မည် ဖြစ်ပါသည် ဘုရား။ (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့အနေဖြင့် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယ စာချတန်း စသည်တို့တွင် ဗုဒ္ဓမြတ်စွာဟောမိန့်မှာသည့် ပိဋကတ်ကျမ်းစာများကို အခြေခံအနေဖြင့် သုတ်, ဝိနည်း, အဘိဓမ္မာတို့မှ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လေ့လာခဲ့ရသည့်အပြင် (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကတ်ပုံဝက်ကိုသော်လည်းကောင်း၊ ပိဋကတ်တစ်ပုံကို သော်လည်းကောင်း၊ ပိဋကတ်နှစ်ပုံကို သော်လည်းကောင်း အာဂုံအရ ကျက်မှတ်ပြန်ဆို အောင်မြင်တော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ လိုလားတော်မူသည့် အရည်အချင်းရှိ ပုဂ္ဂိုလ်များတွင် ပါဝင်လျက်ရှိခြင်းကြောင့် အရှင်မြတ်တို့၏ အောင်မြင်မှုကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ဝမ်းမြောက်နှမော် သာဓုခေါ်လျက်ရှိပါသည် ဘုရား။

အရှင်မြတ်တို့အတွက် အားတက်ဖွယ်ရာ စစ္စာအဦး အထူးလျှောက်ထားလိုသည်မှာ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာသခင် မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်



မူကာ သတ္တသတ္တာဟစံတော်ပြီးနောက် ဥရုဝေလတော အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးစံနေတော်မူစဉ် စရိုက်ညံ့ဖျင်း မာရ်နတ်မင်းသည် **“ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ”** အစဖြာလျက် လောကထိပ်တင် မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်စံတော်မူရန် လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က–

**“နတာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ”** အစဖြာလျက် ယုတ်မာစွာလတ် ဟယ်မာရ်နတ်၊ ငါဘုရား၏ တပည့်ဖြစ်ကြသော ရဟန်းတို့သည် အထူးထူးသော အရာတို့၌ လိမ္မာမှုမရှိကြသေးသမျှ ဆုံးမအပ်ပြီးသည် မဖြစ်ကြသေးသမျှ၊ ရဲဝံ့ခြင်းမရှိသေးသမျှ၊ ပိဋကတ်သုံးပုံဟူသော ဘုရားဟော စကားတော်ကို များစွာမသင်ကြား မနာကြားအပ်သေးသမျှ၊ ပိဋကတ်သုံးပုံဟူသော တရားတော်ကို မဆောင်နိုင်သေးသမျှ၊ လောကုတ္တရာတရားကိုးပါးအားလျော်သော အကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ ဝိပဿနာဝိသုဒ္ဓိအကျင့်အားလျော်သော တရားများကို မကျင့်နိုင်သေးသမျှ၊ မိမိဆရာ (မြတ်စွာဘုရား) ၏ ဝါဒကို သင်ကြား၍ မဟောပြ မပို့ချ မသင်ပြနိုင်သေးသမျှ၊ မဝေဖန်နိုင် ပေါ်လွင်ထင်ရှားအောင် မပြုလုပ်နိုင်သေးသမျှ၊ ဖြစ်ပေါ်လာသည့် သူတစ်ပါးတို့ အယူဝါဒကို အကြောင်းနှင့်တကွသော စကားဖြင့် နှိမ်နင်းသည်မည်လောက်အောင် နှိမ်နင်း၍ မဟောပြနိုင်သေးသမျှ ငါဘုရားပရိနိဗ္ဗာန်မစံသေး” ဟု သုတ္တန္တပိဋက၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်တော် စာမျက်နှာ (၈၇)တွင် လာရှိပါသည် ဘုရား။

အရှင်မြတ်တို့အနေဖြင့်လည်း “ငါတို့သည် မြတ်စွာဘုရားရှင် လိုလားအပ်သည့် ဗဟုသုတဓမ္မဓရ ပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်လျက်ရှိကြပြီ” ဟု နှလုံးသွင်းကာ ဝမ်းမြောက်ကြရမည် ဖြစ်ပါသည် ဘုရား။

ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ် သက်သက်မျှသာ ဖြစ်စေလိုသည်မဟုတ်ဘဲ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် စစ်စစ်အဖြစ်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြစေလိုသော ဆန္ဒတော်ရှိသည်ကိုလည်း မာရ်နတ်အား မိန့်ကြားတော်မူသော စကားအရပင် သိရှိနိုင်ပါသည် ဘုရား။

ထို့ကြောင့် အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်လိုလားအပ်သော ပုဂ္ဂိုလ်အမျိုးအစားတွင် ဓမ္မဓရအရည်အချင်းလောက်ဖြင့် ပါဝင်ရသော ပုဂ္ဂိုလ်အဖြစ်သာ မရပ်တည်ကြဘဲ သင်ကြားအပ်ပြီးသော ပရိယတ်ထဲတွင် ပါရှိသည့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့ကို အရှင်မြတ်တို့ ခန္ဓာကိုယ်တွင် ပဋိပတ်အဖြစ်ဖြင့် ရောက်ရှိလာအောင် လုံ့လကြိုးကုတ် အားထုတ်တော်မူကြခြင်းဖြင့် မြတ်စွာဘုရားရှင် လိုလားအပ်သော ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် ပါဝင်ကြစေလိုပါသည် ဘုရား။

ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် ရပ်တည်မှသာ အရှင်မြတ်တို့၏ ပရိယတ်သည်လည်း မွန်မြတ်လှသော နိဿရဏတ္ထပရိယတ္တိ ဖြစ်ရှိကြကာ သာသနာတော်သို့ ဝင်ရောက်ကြသော အမျိုးကောင်းသားရဟန်းတော်မြတ်တို့၏ ရည်ရွယ်ချက်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အမြတ်ဆုံးအကျိုးကို ရရှိသုံးဆောင်ခံစားကြရမည် ဖြစ်ပါသည် ဘုရား။

သာသနာ့ဒါယကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ပရိယတ္တိဘက်မှာရော ပဋိပတ္တိဘက်မှာပါ လေးဖြာပစ္စယ ပြည့်ဝစေရန် ပြည့်လျှံသော စေတနာ သဒ္ဓါတရားတို့ဖြင့် လေးစားကော်ရော် ပူဇော်လှူဒါန်းလျက် အထက်တန်းကျသော သာသနာပြုကုသိုလ်မှုများကို ပွားများအားထုတ် ပြုလုပ်နေကြသည်ကို အရှင်မြတ်တို့လည်း တွေ့မြင်နိုင်ပါသည် ဘုရား။

၄၅ – ဝါကာလပတ်လုံး မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပရိယတ္တိ တရားတော်များသည် လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်သဖြင့် ထိုတရားတော်များ မဆိတ်သုဉ်း မကွယ်ပျောက်ရလေအောင် ဆရာတော် သံဃာတော် အရှင်မြတ်များအနေဖြင့် ဆက်လက်၍ သင်ကြားပို့ချ ဟောပြပေးတော်မူကြပါဟု တိုက်တွန်းရင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
အကျိုးတော်ဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ဒုတိယဝန်ကြီး ဦးမြင့်စိုး စစ်တွေကမ်းခြေပတ်လမ်း ပြန်လည်ပြုပြင်တည်ဆောက်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ကမ်းခြေပတ်လမ်း၌ လေမုန်တိုင်းဒဏ်ကြောင့် လမ်းနှင့် မြေထိန်းနံရံများ ပြိုကျပျက်စီးသွားမှုများကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေး မှာကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ရွေ့လျားရေသန့်စင်ကားဖြင့် ကန်အတွင်းမှ ရေကို စုပ်ယူသန့်စင်ပြီး ရပ်ကွက်နေပြည်သူများအား ရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် ရွေ့လျားရေသန့်စင်ကားများကို မင်းပြားမြို့သို့ တစ်စီး၊ ရသေ့တောင်မြို့သို့ နှစ်စီး ပို့ဆောင်ပေးထားပြီး Life Staw ရေသန့်စက်ငယ် ၅၀ ကို စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များသို့ ဖြန့်ဝေပေးပို့ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ပေါ်ရှိ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနရုံးများသို့ သွားရောက်ကာ ဝန်ထမ်းအိမ်ရာနှင့် ရုံးများ အမြန်ပြုပြင်ပြီးစီးရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့၌ သန်းခေါင်စာရင်းယူနစ်များ ရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်

**လက်ပံတန်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ သန်းခေါင်စာရင်း ယူနစ်များ ရေးဆွဲခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်က စတင်ဆောင်ရွက်ခဲ့သည်။

သန်းခေါင် စာရင်းကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်း ယူနစ်များ (Census Units) ရေးဆွဲခြင်းလုပ်ငန်းကို လက်ပံတန်းမြို့နယ် ဦးစီးမှူးရုံး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့ပေါ် (၄) ရပ်ကွက်၌ ဆောင်ရွက်လျက်ရှိရာ သာယာဝတီခရိုင်ဦးစီးမှူးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်ထွဋ်၊ လက်ပံတန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှု၍ လိုအပ်ချက်များ မရှိစေရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ အားကစားရုံအတွင်း သင်တန်းသားများ တိုက်ကွမ်ဒို လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ကြည့်ရှုအားပေးစကားပြောကြားသည်။

## အားကစားအဆင့်အတန်း မြင့်မားရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက ကျောင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုဆိုင်ရာများနှင့် လေ့ကျင့်ရေးနှစ်အလိုက် သင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချနေမှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က လမ်းညွှန်အမှာစကားပြောကြားရာတွင် ကျောင်းရည်မှန်းချက်တာဝန်ဖြစ်သော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များကို အားကစားနှင့် ကိုယ်ခံပညာအခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် တပ်မတော်လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်လာစေပြီး ထူးချွန်အားကစားသမားစစ်သည်များကို မြန်မာ့လက်ရွေးစင်အဖြစ် မွေးထုတ်၍ နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားရေးကို အထောက်အကူပြုနိုင်ရမည်ဟူသည့်အချက်ကို အလေးထား အကောင်အထည်ဖော်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အားကစားရုံအတွင်း ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစဉ်။

**❝ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များကို အားကစားနှင့် ကိုယ်ခံပညာ အခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် တပ်မတော်လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်လာစေပြီး ထူးချွန်အားကစားသမားစစ်သည်များကို မြန်မာ့လက်ရွေးစင်အဖြစ် မွေးထုတ်၍ နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားရေးကို အထောက်အကူပြုနိုင်ရမည်ဟူသည့် အချက်ကို အလေးထား အကောင်အထည်ဖော်ရန်လို ❞**

## မြန်မာ့လက်ရွေးစင် ၄၁၂ ဦး မွေးထုတ်နိုင်ခဲ့

ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၉၇-၁၉၉၈ မှ ၂၀၂၂-၂၀၂၃ အထိ ကိုယ်ခံပညာနှင့် အားကစားသင်တန်း ၃၇ မျိုး ဖွင့်လှစ်ခဲ့ရာ ထူးချွန်အားကစားသမားအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အပါအဝင် မြန်မာ့လက်ရွေးစင် ၄၁၂ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကျောင်းအုပ်ကြီးအနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ဘောလုံးကွင်းအတွင်း သင်တန်းသားများ ဘောလုံးလေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၆ မှ*

မြန်မာ့လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေရန်နှင့် မိမိကာလ ကြိုးပမ်းဆောင်ရွက်မှုကို မှတ်တမ်းထားရန်လိုကြောင်း၊ လက်ရွေးစင်များ မွေးထုတ်ရာတွင် နိုင်ငံတကာ Olympic အားကစားနည်းများကို သတ်မှတ်စည်းမျဉ်းများနှင့် နည်းစနစ်ကျနစွာ တတ်မြောက်ကျွမ်းကျင်နေရန် အခြေခံကအစ အဆင့်မြင့်နည်းပညာအထိ လေ့ကျင့်နေရန်လိုကြောင်း၊ စိုက်ပျိုး မွေးမြူရေးနှင့်ပတ်သက်၍ နွေစပါး၊ မိုးစပါးများကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ရှိပြီး အားလုံးပြည့်စုံ ကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်သကဲ့သို့ မြေဆီမြေဩဇာ ကောင်းမွန်အောင် ဆောင်ရွက်ရန်လည်းလိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် ရေသွင်း၊ ရေထုတ် မှန်ကန်မှုလည်းလိုကြောင်းနှင့် စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာလျှင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန် လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန်အစားအစာများ၊ ကာကွယ်ဆေးများကို လုံလောက်စွာ ကျွေးမွေးဖြည့်ဆည်းနိုင်ရန်လိုကြောင်း၊ ကျောင်း၏ ရည်မှန်းချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် သန္တေနှင့် သင်တန်းသားစစ်သည်များအားလုံး လုံလောက်သော အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်မှုသည် အဓိကကျသဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးများကိုလည်း နိုင်ငံတော်၏မူဝါဒနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ရန်လိုကြောင်း မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အားကစားရုံအတွင်း သင်တန်းသားများ၏ တိုက်ကွမ်ဒို၊ လက်ဝှေ့နှင့် ဘော်လီဘော လေ့ကျင့်နေမှုများ၊ ဘောလုံးကွင်းအတွင်း သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည် မိသားစုများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများအား လိုက်လံမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ဆေးကုသမှုခံယူနေသူတစ်ဦးအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် တပ်ရင်း / တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် မေ ၂၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ရောက်ရှိနေသော ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းက ဘူးသီးတောင်တပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှုကာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး မှာကြားခဲ့ပြီး အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) သည် အဆိုပါ တပ်နယ်တပ်ရင်းများ၌ မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု၍ ဥနှုန်းများ သတ်မှတ်နှုန်းထား ပြန်လည်ပြည့်မီနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားပြီး အိမ်ထောင်သည်လိုင်းများတွင် စိုက်ပျိုးထားသည့် မိသားစုများ၏ တစ်နိုင်တစ်ပိုင် စိုက်ခင်းများအား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ကံစောက်နယ်မြေခံတပ်ရင်းများ၏ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှု၍ ပျက်စီးမှုရာခိုင်နှုန်းများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ကာ ပြန်လည်ပြင်ဆင်တည်ဆောက်သွားရန် မှာကြားပြီး အိမ်ထောင်သည်ရဲမေ၊ မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ကျောက်တော်တပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများမှ ကြိုဆိုကြသည်။ ထို့နောက် ကျောက်တော်တပ်နယ်ရှိမုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှု၍ ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားပြီး အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ပြီးစားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ်ရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်၍ ပန်း၊ ရေချမ်း ကပ်လှူပြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့သည် မြောက်ဦးတပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် မြောက်ဦးတပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှု၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သည်များ မှာကြားပြီး အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများအား လိုက်လံကြည့်ရှု၍ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး မိသားစုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် အဖွဲ့သည် မင်းပြားတပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းရှိ ပေါင်းစည်းလယ်ယာ ဘက်စုံ စိုက်ပျိုး/မွေးမြူရေးခြံတွင် မွေးမြူထားသော ဥစားကြက်မွေးမြူရေးခြံများ၊ DYL အသားတိုးဝက်မွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် နယ်မြေခံသင်တန်းကျောင်းရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများ၊ သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်နှင့် စားချက်ဆောင်များကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် နယ်မြေခံသင်တန်းကျောင်းရှိ အောင်စစ်သည်ခန်းမ၌ အရာရှိ၊ စစ်သည်၊ နည်းပြများ၊ သင်တန်းသားများနှင့် အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်အဖွဲ့သည် သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြချက်များနှင့် ပတ်သက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) က ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများပြန်လည်တည်ဆောက်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ်သို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပျက်အစီးများရှင်းလင်းပြီးစီးမှုနှင့် စာသင်ဆောင်များ အမိုး မိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေးစဉ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စာသင်ကျောင်းများ မဖွင့်လှစ်မီ ဦးစားပေး ပြုပြင်ရန်လိုအပ်သည့် စာသင်ဆောင်များကို အချိန်မီ ပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ကျောင်းဖွင့်ချိန်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ဒါးပိုင်ယာယီဘေလီတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ တည်ဆောက်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကုလားတန်ရေယာဉ်များ ဖောင်တော်ကြီးဆိပ်ခံတံတားမှ စတင်ထွက်ခွာမှုကို ကြည့်ရှုစဉ်။

## ယာယီသွားလာရေး လွယ်ကူ

ထို့နောက် မုန်တိုင်းတိုက်ခတ်ချိန်တွင် ဒီရေမြင့်တက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်ရှိ သဲချောင်းတံတားနေရာ၌ ဒေသခံပြည်သူများ ယာယီသွားလာရေး လွယ်ကူစေရန် အစားထိုးဆောင်ရွက်ထားသည့် နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ယာယီဘေလီတံတား တည်ဆောက်ပြီးစီးမှုနှင့် တံတားအသစ် ထပ်မံတည်ဆောက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မုန်တိုင်းတိုက်ခတ်ချိန်တွင် ထိခိုက်ပျက်စီးခဲ့သော ဒါးပိုင်တံတားနေရာ၌ ဒေသခံပြည်သူများ ယာယီသွားလာရေးလွယ်ကူစေရန် အစားထိုးဆောင်ရွက်ထားသည့် တစ်လွှာတစ်ထပ် ဘေလီတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားများသည် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တံတားများဖြစ်ပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စများ လွယ်ကူစွာလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အသုံးပြုသွားလာနိုင်ရန် ယာယီဘေလီတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက မေ ၁၆ ရက်မှစ၍ တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းကို ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်မှစ၍ သဲချောင်းတံတားကို ပေ ၁၄၀ အရှည်၊ ယာဉ်/ကုန် ခံနိုင်ဝန် ၁၆ တန်၊ နှစ်လွှာတစ်ထပ်ဘေလီတံတားအဖြစ် လည်းကောင်း၊ ဒါးပိုင်တံတားကို ပေ ၆၀ အရှည်၊ ယာဉ်/ကုန် ခံနိုင်ဝန် ၁၆ တန်၊ တစ်လွှာ တစ်ထပ် ဘေလီတံတားအဖြစ် လည်းကောင်း တည်ဆောက်ခဲ့ရာ မေ ၂၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် လူနှင့်ယာဉ်များ ပုံမှန်အခြေအနေအတိုင်း ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါတံတားများ တည်ရှိသည့် စစ်တွေ-ပလ္လင်ပြင်လမ်းသည် Class(A) အဆင့် ကျေးရွာချင်းဆက်လမ်း တစ်လမ်းဖြစ်ပြီး စစ်တွေတက္ကသိုလ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့သွားသည့် အဓိကလမ်း တစ်လမ်းဖြစ်သည်။ ယင်းလမ်းပိုင်းတွင် IDP Camp များတည်ရှိပြီး ပလ္လင်ပြင်ကျေးရွာအထိ ကျေးရွာပေါင်းကိုးရွာကို ဖြတ်သန်းဖောက်လုပ်ထားသောလမ်းဖြစ်သည်။ အဆိုပါတံတားများ တည်ဆောက်ပြီးစီးခြင်းကြောင့် ကျေးရွာကိုးရွာရှိ ဒေသခံပြည်သူများအနေဖြင့် စစ်တွေမြို့သို့ အချိန်မရွေးအလွယ်တကူ သွားလာနိုင်မည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် တည်ဆောက်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကုလားတန် ၄၊ ၅၊ ၆ ရေယာဉ် သုံးစီးဖြင့် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတားမှ စတင်ထွက်ခွာမှုကို သွားရောက်ကြည့်ရှုသည်။

## လက်ဝယ်အရောက် ဖြန့်ဝေပေးသွားမည်

ကုလားတန် ၄ ရေယာဉ်သည် တည်ဆောက်ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း ၁၉၈ ဒသမ ၇ တန် တင်ဆောင်ပြီး ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့တို့သို့ လည်းကောင်း၊ ကုလားတန် ၅ ရေယာဉ်သည် တည်ဆောက်ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း ၁၉၅ ဒသမ ၆ တန် တင်ဆောင်ပြီး ရသေ့တောင်နှင့် မောင်တောမြို့တို့သို့ လည်းကောင်း၊ ကုလားတန် ၆ ရေယာဉ်သည် တည်ဆောက်ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း ၂၄၈ ဒသမ ၉၃ တန် တင်ဆောင်၍ ပေါက်တော၊ မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့တို့သို့လည်းကောင်း သွားရောက်၍ ဒေသခံပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးသွားမည် ဖြစ်သည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

## ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက စားရေရိက္ခာများ လက်ခံရရှိမှုနှင့် ထောက်ပံ့ပြီးစီးမှု၊ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များကို အကြံပြုဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ပြီးစီးနိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားနှင့် အခြား လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မိုခါမုန်တိုင်း ဘေးအန္တရာယ်မကျရောက်မီ ရခိုင်ပြည်နယ်အတွင်းတွင် ဆက်သွယ်ရေးအော်ပရေတာ လေးခု၏ မိုဘိုင်းစခန်း ၁၂၃၃ စခန်းရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာ ဆက်သွယ်မှုပြန်လည်ရရှိစေရေးအတွက် ချွတ်ယွင်းပြတ်တောက်ခဲ့သည့် မြေပေါ်/ မြေအောက် ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်းများ၊ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများနှင့် မြို့တွင်းကေဘယ်လ်ကွန်ရက်များ ပြန်လည်ပြုပြင်ခြင်း၊ ပျက်စီးသွားသော မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဒေသခံနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်သည့် ဆက်သွယ်ရေးဝန်ထမ်း စုစုပေါင်းအင်အား ၄၀၀ ကျော်ဖြင့် ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုဘိုင်းစခန်း စုစုပေါင်း ၆၄ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သောကြောင့် မိုဘိုင်းစခန်း စုစုပေါင်း ၉၇၆ စခန်း ရာခိုင်နှုန်းအားဖြင့် ၇၉ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အစားထိုးတည်ဆောက်ထားသည့် သဲချောင်းယာယီဘေလီတံတားပေါ်တွင် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အာရှမီဒီယာ ထိပ်သီးညီလာခံသို့ တက်ရောက်

## သတင်းမီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကို တက်တက်ကြွကြွဖြင့်ဆက်လက်ဆောင်ရွက်သွားမည်

**ဘာလီ မေ ၂၃**

(၁၈) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ (18th Asia Media Summit) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဒန်ပါဆာမြို့(ဘာလီ)ရှိ Grand Hyatt Hotel မှ Ballroom ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ပါဝင်ဆွေးနွေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ 18th Asia Media Summit ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မာရွတ်အမင် (H.E K.H Ma' Ruf Amin)၊ အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဇာတိုဌာန (Asia-Pacific Institute for Broadcasting Development -AIBD) ညွှန်ကြားရေးမှူး Ms.Philomena Gnanapragasam ၊ အင်ဒိုနီးရှားရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန (TVRI) President Director Mr. Iman Brotoseno ၊ ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) အမှုဆောင်အတွင်းရေးမှူးနှင့် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် H.E Armida Salsiah Alisjahbana၊ အာဆီယံအတွင်းရေးမှူးချုပ် H.E Dr. Kao Kim Hourn နှင့် AIBD ဒုတိယဥက္ကဋ္ဌ Razal Giovanni Aportadera Jr. တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရာ၌ မီဒီယာ၏အခန်းကဏ္ဍ (Role of Media in Economic Recovery) ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E Dr. Kheiu Kanharith၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ဝန်ကြီးဌာန ဝန်ကြီး H.E Dr. Hasan Mahmud ၊ ဆာမိုအာနိုင်ငံ ဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E Toelupe Poumulinuku Onesemo နှင့် ဖီဂျီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယ ဝန်ကြီး H.E Sakiusa Tubuna တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် Vaccination Management Information System ကို ရေးဆွဲပြီး ပြည်သူများ၏ ကာကွယ်ဆေးထိုးမှတ်တမ်းပြုစု၍ စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ဖြင့် ရောဂါကို ထိန်းချုပ်ကာကွယ်ခြင်း၊ အသိပညာပေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အမြန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် သီးခြားရန်ပုံငွေ ထူထောင်၍ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ စိစစ်ထုတ်ချေးပေးခဲ့ပြီး ယင်းသို့ ထောက်ပံ့မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူထံသို့ပြန်ကြားထုတ်လွှင့်ပေးခဲ့ကြောင်း။

အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် လုပ်ငန်းများအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ အချိန်နှင့်တစ်ပြေးညီ ထုတ်ချေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုလဲခဲ့ရသည့် ပုဂ္ဂလိကမီဒီယာများ ပြန်လည် ဦးမော့လာစေရေးအတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနတွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသစ်ကို မကြာမီက ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ပြီး စီးပွားရေး ပြန်လည်နိုးထစေရေး ကနဦးအစီအစဉ်များကိုလည်း စတင်ဆောင်ရွက်နေပါကြောင်း။

**အသိပညာပေးမှုများအချိန်မီထုတ်ပြန်**

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထု စိတ်ဝင်စားမှုများသည့် ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုချီးမြှင့်ပွဲကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားများကို အခက်အခဲများကြားမှ ကိုဗစ်-၁၉ မတိုင်မီကာလများကကဲ့သို့ စည်စည်ကားကား၊ အောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် တာဝန်ယူစီစဉ်ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် မေ ၁၄ ရက်တွင် အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA)သည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသ၊ စစ်တွေမြို့အနီးမှ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့ပါကြောင်း၊ အဆိုပါမုန်တိုင်းဝင်ရောက်နိုင်ခြေရှိမှုကို ကြိုတင်တွက်ချက်သိရှိနိုင်ခဲ့ခြင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် အစီအမံများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများ၏ ထိရောက်သည့် အသိပညာပေးမှုများကို အချိန်မီထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် လူပေါင်းများစွာ၏ အသက်အန္တရာယ်များစွာကို ကယ်တင်နိုင်ခဲ့ပါကြောင်းနှင့် သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တက်တက်ကြွကြွဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ ပြန်ကြားရေးဌာနနှင့် AIBD တို့က ပူးပေါင်းတည်ခင်းသည့် အလုပ်သဘော နေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာ စားပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ သတင်းတု/သတင်းမှားများ ထိုးနှက်မှုအန္တရာယ်ကို ဆွေးနွေးပြောကြားရာ AIBD မှ တာဝန်ရှိသူများနှင့် တက်ရောက်ကြသူများက နားလည်သဘောပေါက်ပြီး သတင်းမှားတိုက်ဖျက်ရေးနှင့် သတင်းမှန်ပြန်ကြားရေးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ဒေသပြင်ပ ရုပ်/သံလွှင့်ဌာနများမှ အကြီးအကဲများ၊ အစိုးရနှင့်ပုဂ္ဂလိက ရုပ်သံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မီဒီယာကျွမ်းကျင်ပညာရှင်များ၊ မူဝါဒချမှတ်သူများနှင့် AIBD မှ တာဝန်ရှိသူများက ရုပ်သံလွှင့်ကဏ္ဍတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နည်းပညာရပ်များဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(၁၈) ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံ အစည်းအဝေးကို အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဇာတိုဌာန (AIBD) နှင့် အင်ဒိုနီးရှားရုပ်မြင်သံကြားဌာနတို့ ပူးပေါင်း၍ မေ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ဒေသပြင်ပရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ၊ AIBD မှ တာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင်သူများ၊ မူဝါဒချမှတ်သူများနှင့် စိတ်ပါဝင်စားသူ ကိုယ်စားလှယ်ပေါင်း ၃၅၀ ခန့် တက်ရောက်ကြသည်။

ညပိုင်းတွင် 18th ASIA MEDIA SUMMIT 2023 ၏ AIBD မှ စီစဉ်သည့် ရုပ်သံအစီအစဉ်ပြိုင်ပွဲများ၌ အကောင်းဆုံး ရုပ်သံအစီအစဉ်ဆု (Best TV Programme Award)နှင့် အကောင်းဆုံး ရေဒီယိုအစီအစဉ်ဆု (Best Radio Programme Award) ရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင် အထူးဆု ( Special Jury Award on TV Programme)ရရှိကြသူများနှင့် ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာဆု (Award for Sustainability & Green Technology Award) ရရှိကြသူများအား ဆုချီးမြှင့်ပွဲနှင့် အတူ ဂုဏ်ပြုညစာစားပွဲကို Grand Hyatt Hotel ရှိ ကမ်းခြေပန်းခြံတွင် ရိုးရာနှင့် ခေတ်ပေါ် အဆိုအကအတီးများဖြင့် ခမ်းနားစွာ စီစဉ်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးလည်း ပါဝင်တက်ရောက်၍ ဆုချီးမြှင့်ခဲ့သည်။

**တင်းပြည့်အဖွဲ့ဝင်အဖြစ်ဝင်ရောက်**

အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဇာတိုဌာန (AIBD) ကို UNESCO ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံ၌ ၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် ဒေသတွင်းမှ တင်းပြည့်အဖွဲ့ဝင် ၂၆ ဖွဲ့ နှင့် အာရှ ပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ အာရပ်နှင့် မြောက်အမေရိကစသည့် ဒေသများမှ မိတ်ဖက်အဖွဲ့အစည်းပေါင်း ၅၀ ကျော် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဇာတိုဌာန (AIBD) သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ်က ဝင်ရောက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာရှသတင်းမီဒီယာ ထိပ်သီးအစည်းအဝေး(Asia Media Summit)ကို နှစ်စဉ်ကျင်းပလေ့ရှိရာ 14th Asia Media Summit အား ၂၀၁၇ ခုနှစ်က တရုတ်နိုင်ငံ ချင်းတောင်မြို့တွင်လည်းကောင်း၊ 15th Asia Media Summit အား ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌လည်းကောင်း၊ 16th Asia Media Summit အား ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌လည်းကောင်း ကျင်းပခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် AIBD အခြေစိုက်သည့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ အွန်လိုင်းမှတစ်ဆင့် 17th Asia Media Summit ကို ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှား ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန(TVRI)က (၁၈) ကြိမ်မြောက် အာရှမီဒီယာထိပ်သီး ညီလာခံ (18th Asia Media Summit) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၈) ကြိမ်မြောက် အာရှမီဒီယာထိပ်သီး ညီလာခံဖွင့်ပွဲတွင် ဆွေးနွေးပြောကြားစဉ်။

◆ **မုန်တိုင်းဝင်ရောက်နိုင်ခြေရှိမှုကို ကြိုတင်တွက်ချက် သိရှိနိုင်ခဲ့ခြင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် အစီအမံများဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများ၏ ထိရောက်သည့် အသိပညာပေးမှုများကို အချိန်မီထုတ်ပြန် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် လူပေါင်းများစွာ၏ အသက်အန္တရာယ်များစွာကို ကယ်တင်နိုင်ခဲ့**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန် မုန်တိုင်းသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှပေးပို့သည့် အကူအညီပစ္စည်းများကို လွှဲပြောင်းပေးအပ်စဉ်။

# မုန်တိုင်းသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှပေးပို့သည့် အကူအညီပစ္စည်းများ ရောက်ရှိ

**ရန်ကုန် မေ ၂၃**

ထိုင်းနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းတို့က မိုခါမုန်တိုင်းဘေးသင့်သူများအတွက် ပေးပို့လှူဒါန်းသည့် ယာယီတဲများ၊ အမိုးအကာများ၊ ဆိုလာမီးအိမ်များ၊ ကယ်ဆယ်ရေးအိတ်များ၊ ဆေးစိမ် ခြင်ထောင်များ၊ ငါးသေတ္တာများနှင့် အသင့်စားခေါက်ဆွဲခြောက်များပါဝင်သော လူသားချင်းစာနာမှု အကူအညီပစ္စည်းများ သယ်ဆောင်လာသည့် ထိုင်းတော်ဝင်လေတပ်မှ C-130 လေယာဉ် နှစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ အကူအညီပစ္စည်းများကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်က လွှဲပြောင်းပေးအပ်သည်။

ထိုသို့လွှဲပြောင်းပေးအပ်ရာ နေရာသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းတို့က ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံ ဆက်လက်ပေးပို့ဖြန့်ဖြူးသွားမည် ဖြစ်သည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ



**လပွတ္တာ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လပွတ္တာမြို့နယ် (၃) မိုင်မြို့ (၁) ရပ်ကွက် ထင်းရှူးမြိုင်လမ်းနှင့် ပိတောက်လမ်းထောင့်ရှိ အဆိုပါရုံး၌ ကျင်းပသည်။

အဆောက်အအုံသစ်ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံးဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ Royal Ayar Creative & Construction Co., Ltd မှ ဒါရိုက်တာ ဦးညီညီထွန်းက အဆောက်အအုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအား အဆောက်အအုံသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပစ္စည်းနှင့် အလံငယ်များပေးအပ်ကာ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် လပွတ္တာမြို့နယ်တရားရုံး ပင်မအဆောက်အအုံသစ်မှာ အလျားပေ ၁၈၀ အနံပေ ၇၀ အကျယ်အဝန်းရှိပြီး RC နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

## အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၂၃**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိမုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၅၆ မီတာ ကမ်းထိုးရေယာဉ် ပထမအစီးသည် မြန်မာ့သစ်လုပ်ငန်း(ရခိုင်ပြည်နယ်)၊ သံတွဲသစ်ထုတ်ရေးဒေသ၊ တောင်ကုတ်နယ်၊ ထန်း တောင်ကွင်းသစ်ဆိပ်မှ ကညင်ခွဲသား ၉၆၀၊ စကားဝခွဲသား ၆၇ ချောင်း စုစုပေါင်းကုန်တန်ချိန် ၁၁၄ ဒသမ ၆၀၂၂ တန်တို့ကို မေ ၂၂ ရက် နံနက်ပိုင်းတွင် တောင်ကုတ်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ Essar တံတားသို့ ရောက်ရှိခဲ့သည်။

### ပြည်သူများထံ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်

အလားတူ ၅၆ မီတာ ကမ်းထိုးရေယာဉ်ဒုတိယအစီးသည် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင် ရှစ်ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ် WA-320 WHEEL LOADER တစ်စီး ၊ MI-2 EXCAVATOR သုံးစီး စုစုပေါင်း ကုန်တန်ချိန် ၃၅ တန်တို့ကို အငူမော်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့ နေ့လယ်ပိုင်းတွင် စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ သယ်ဆောင်လာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်များ၊ ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၂၃**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "ကျောင်းအပ်နှံရေးသီတင်းပတ်" သီချင်း သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးသည် ရပ်တန့်၍ရသော အရာမဟုတ်သည့် လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့် ဖြစ်စဉ်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး စာသင်ကျောင်းသို့ ရောက်ရှိရန် အရေးကြီးကြောင်း။

ကျောင်းနေအရွယ်ကလေး အားလုံး ကျောင်းသို့ရောက်ရှိရေး၊ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသောပညာတတ်များ ပေါ်များရေး၊ အနည်းဆုံးအခမဲ့ အလယ်တန်းပညာ (KG+9) ပြီးမြောက်ရေးအလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်ကြားသင်ယူမှုအဆင့်မြှင့်တင်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု အားပေးရေးကို အခြေခံ၍ ကျောင်းနေအရွယ် ကလေးများအားလုံး စဉ်ဆက်မပြတ် သာတူညီမျှ ပညာသင်ယူရေးတို့အတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ကျောင်းသား လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် သင်ကြားရေးဆရာ ဆရာမများသာမက စီမံခန့်ခွဲသူ၊ မိဘအုပ်ထိန်းသူ၊ ရပ်ရွာလူထု၊ ပညာရေးနှင့် ပတ်သက်ဆက်စပ်သူ အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်၍ KG+12 အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျန်ရှိနေသော သင်ရိုးသစ်အတန်းများ ဖြစ်သည့် Grade-9 နှင့် Grade-12 အတန်းတို့ကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည့်အတွက် KG+12 သင်ရိုးသစ်ဖြင့် အတန်းအားလုံးကို ဆောင်ရွက်သွားနိုင်ပြီ ဖြစ်ကြောင်း၊ အလယ်တန်းပညာရေး KG +9 ပြီးဆုံးအောင်မြင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် Grade 10၊ Grade 11၊ Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဖွင့်လှစ်သွားမည် ဖြစ်ကြောင်း။

ကျောင်းအပ်နှံသည့် ကလေးများအတွက် ကျောင်းသုံး ပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သင်ကြားသင်ယူမှု ပိုမိုထိရောက်အောင်မြင်စေရန် သင်ထောက်ကူပစ္စည်းများကိုလည်း နှစ်စဉ်ပံ့ပိုးပေးလျက်ရှိကြောင်း။

**"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အချိန်မီ ကျောင်းအပ်နှံကြရန်နှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာမိဘအုပ်ထိန်းသူများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက တာဝန်ရှိသူများထံ အခမဲ့ပုံနှိပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောက်ဖြူမှ*

"ဒီနေ့ မေ ၂၃ ရက်ကစပြီး မူလတန်းအဆင့်၊ မေ ၂၅ ရက်မှာ အလယ်တန်းနဲ့ အထက်တန်းအဆင့် လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ကျောင်းအပ်လက်ခံတဲ့ မူဘောင်အတိုင်း အားလုံးကို လက်ခံပေးမှာ ဖြစ်ပါတယ်။ ကျောင်းသန့်ရှင်းရေး အနေနဲ့ ကျောင်း မဖွင့်ခင်ကတည်းက ဆောင်ရွက်ထားတယ်။ စာသင်ခန်းနဲ့ ကျောင်းသားဦးရေ ကိုက်ညီရေး၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ထားပြီးတော့ ဇွန် ၁ ရက်မှာ စတင်စာသင်ကြားနိုင်ရေး စီမံထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်က ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ မူလတန်းအဆင့်အတွက် ကျောင်းသုံးဝတ်စုံ တစ်စုံစီ အခမဲ့ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်" ဟု အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တထောင်မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် ကျောင်းအပ်နှံရာတွင်လည်း မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုရန်၊ ငွေကြေးလက်ဆောင်ပစ္စည်းများ လက်ခံခြင်းမပြုရန်၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ် အစရှိသည်များ ရောင်းချခြင်းမပြုရန် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ကျောင်းသူမိဘတစ်ဦး ဖြစ်သည့် ဒေါ်မေလှဲ့ဝါသွေးက " ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ သမီးလေးက တတိယတန်း တက်ရမှာပါ။ ကျောင်းလာအပ်တာပါ။ ကျောင်းမှာ ငွေကြေးကောက်ခံမှု လုံးဝမရှိပါဘူး။ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းတံဆိပ်တွေကို အခမဲ့ရရှိပါတယ်။ ကျောင်းလာအပ်တဲ့အခါမှာ သမီးရဲ့ ဓာတ်ပုံနဲ့ ကိုယ်ရေးအချက်အလက်တွေ ပြည့်ပြည့်စုံစုံ ဖြည့်ရပါတယ်။ ကျန်တာ မလိုပါဘူး။ ကျောင်းသားမိဘတွေအနေနဲ့ ကျောင်းလာအပ်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။



ဒေါ်မေလှဲ့ဝါသွေး
(ကျောင်းသူမိဘတစ်ဦး)



မလှိုင်မေသဲသိုက်
(ကျောင်းသူတစ်ဦး)

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်သည် **"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"** ဖြစ်သည်။ အသက် ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) အပ်နှံရမည်ဖြစ်ပြီး အသက် ၆ နှစ်အရွယ်ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရမည်ဖြစ်သည်။

အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့နယ်မှ မူလတန်းပြဆရာမ ဒေါ်ဝါဝါကြည်က "ဒီနေ့ ၂၃ ရက်နေ့ ကျောင်းအပ်နှံရေး စတင်တဲ့နေ့မှာပဲ မိဘတွေက သေသေချာချာ ကျောင်းလာရောက် အပ်နှံတာကို တွေ့ရပါတယ်။ မိဘတွေအနေနဲ့ ကျောင်းလာအပ်တဲ့အခါ ကလေးရဲ့ ဓာတ်ပုံနဲ့ မိဘရဲ့ ကိုယ်ရေးအချက်အလက်တွေ ပြည့်ပြည့်စုံစုံ ယူလာရပါမယ်။ ကျောင်းအပ်လက်ခံတဲ့အခါ နယ်မြေသတ်မှတ်ချက်နဲ့ စည်းကမ်းချက်တော့ ရှိပါတယ်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းမှာ မိဘတွေအနေနဲ့ ကလေးတွေကို ကျောင်းလာရောက်အပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် Grade-5၊ Grade-8 နှင့် Grade-11 တို့အတွက် ဘာသာရပ်အလိုက် သင်ရိုးသစ်များကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခု ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် Grade-9 နှင့် Grade-12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်မှု အနေဖြင့် ကျောင်းများတွင် ကျောင်းသား ကျောင်းသူများကို ၅ နှစ်ကနေ ၁၂ နှစ်၊ ၁၂ နှစ်ကနေ ၁၅ နှစ်၊ ၁၅ နှစ်ကနေ ၁၈ နှစ် သုံးပိုင်းခွဲထိုးနှံပေးခဲ့ရာ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁ ဒသမ ၅ သန်းအား ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့နယ်၌ တတိယတန်းတွင် ပညာသင်ကြားမည့် မလှိုင်မေသဲသိုက်က "သမီးက တတိယတန်းတက်မှာပါ။ ဒီနေ့ ကျောင်းလာအပ်တဲ့အတွက် ကျောင်းကနေ ဗလာစာအုပ်၊ ဖတ်စာအုပ်၊ ခဲတံ၊ ကျောင်းတံဆိပ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသားကတ်တွေ ရပါတယ်။ ဇွန် ၁ ရက်မှာ ကျောင်းစတက်ရတော့မှာ ဖြစ်တဲ့အတွက် ပျော်ပါတယ်" ဟု ပြောသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၄ မြို့နယ်တွင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း လေးကျောင်းအပါအဝင် အခြေခံပညာကျောင်း ၂၇၅၉ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၂၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၂၁၉ ကျောင်း စုစုပေါင်း ၃၂၀၇ ကျောင်းရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

❑ *ကျောက်ဖြူမှ*

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲတိုင်းအနိုင်ရထားသည့် တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေပြီး ဧရာဝတီအသင်းနှင့် ကချင်ယူနိုက်တက်အသင်းမှာမူ ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည်။ ရန်ကုန်အသင်းသည် လေးပွဲဆက်အနိုင်ရခဲ့သော်လည်း ငါးပွဲမြောက် ရခိုင်အသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ကာ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ပွဲစဉ် (၅) အထိ ကျင်းပပြီးစီးထားပြီဖြစ်သောကြောင့် ပွဲစဉ် (၆) မှစတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ဦးဆောင်နေသည်။

ပွဲစဉ် (၆) အဖြစ် မေ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ မေ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဒဂုံစတားအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ မေ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မေ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်ကြီး**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၂ ရက်က အမှတ်(၄)ရပ်ကွက်၊ အ.ထ.က(၁)ကျောင်းဝင်းအတွင်း၌ကျင်းပစဉ်။**

(သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်မှစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သိန်းအောင်စိုး၊ ကွတ်ခိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲမှူးကြီး လှိုင်မင်းစိုး၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သက်နှင့် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများက စုစုပေါင်း ပျိုးပင် ၄၀၁ ပင်ကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။) **မြို့နယ် (ပြန်/ဆက်)**

# နေပြည်တော်၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်

**နေပြည်တော် မေ ၂၃**
၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်ကာ ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ "ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဆောင်ပုဒ်နှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင် ယနေ့ နံနက်ပိုင်းက စတင်၍ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က "မေ ၂၃ ရက်ကနေ ၃၁ ရက်အထိဟာ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လို့ သိရှိကတည်းက စတင်သိကတည်းက ပိုစတာတွေစိုက်ထူပြီး သန့်ရှင်းရေးဆောင်ရွက်ပါတယ်။ ကျောင်းအပ်လက်ခံနိုင်ဖို့ စာသင်ခန်းတွေကိုလည်း ပြင်ဆင်တယ်။ စနစ်သစ်အတန်းက တိုးလာတဲ့အတွက် ကျောင်းအပ်နှံတဲ့အခါမှာလွယ်ကူအောင် အတန်းလိုက် ဘာသာတွဲတွေကိုလည်း ကပ်ပေးထားပါတယ်" ဟု ပြောသည်။



နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံနေကြစဉ်။

အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေး ရက်သတ္တပတ် အဖွင့်ရက်ဖြစ်သည့် ယနေ့၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အတန်းအလိုက် ကျောင်းလာရောက် အပ်နှံကြသော ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် စည်ကားလျက်ရှိသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်ကလည်း "ကျောင်းသားကျောင်းသူတစ်ယောက် ကျောင်းအပ်နှံတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်က ထောက်ပံ့ထားတဲ့ မူလတန်းဆိုရင် ကျောင်းသုံး ဖတ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနဲ့ အဖြူအစိမ်း ကျောင်းဝတ်စုံ၊ အလယ်တန်း၊ အထက်တန်းဆိုရင် ကျောင်းသုံး ဖတ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ဘောပင်၊ ခဲတံတို့ကို ပေးနိုင်ဖို့အတွက် ပြင်ဆင်ရပါတယ်။ ကျောင်းသားအားလုံးကို ပေးအပ်နိုင်အောင်လည်း ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ ကျောင်းမှာ ပြီးခဲ့တဲ့နှစ်က ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၈၀ ရှိပါတယ်။ ကျောင်းပြောင်းရွှေ့က ၁၀၀ ခန့် ရှိတဲ့အတွက် အခု ကျောင်း သား ကျောင်းသူ ၁၄၈၀ ရှိပါတယ်။ ဝင်ဆံ့အင်အားအရတော့ နောက်ထပ် အတန်းခွဲတိုင်းမှာ ကျောင်းသားဦးရေ ၂၀ လောက်အထိ လက်ခံသွားနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အနေနဲ့ ကျောင်းအပ်နှံချိန်ကို မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ သတ်မှတ်ထားတယ်" ဟု ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်ကာ KG + 12 သင်ရိုးသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-9နှင့် Grade-12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည် ဖြစ်သည်။

ကျောင်း ဥပဓိရုပ်ကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပေး၊ သတိပေး ဆိုင်းဘုတ်များ ထားရှိခြင်း၊ စာသင်ခန်းများအတွင်း၌ စာသင်ခုံများ စနစ်တကျ နေရာချထားခြင်းတို့ဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းလာရောက် အပ်နှံသည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက်လည်း သက်ဆိုင်ရာ မြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက် ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာဖြင့် ကျောင်းတက်၊ ကျောင်းဆင်း သွားလာနိုင်ရန်အတွက် ကျောင်းကြို၊ ပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ ယနေ့တွင် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်၌ ၅၃၂၁၂ ဦး၊ အလယ်တန်းအဆင့်၌ ၁၇၅၁၁ ဦးနှင့် အထက်တန်းအဆင့်၌ ၇၇၇၁ ဦး စုစုပေါင်း ၇၈၄၉၄ ဦး လာရောက်အပ်နှံကြကြောင်း သိရသည်။

**သန့်မင်း၊ ဓာတ်ပုံ-ကိုထိန်**

## ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် မြို့နယ်အချို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု စတင်လက်ခံ

၂၀၂၃-၂၀၂၄ ပညာသင်နှစ်(ကျောင်းအပ်နှံရေးသီတင်းပတ်)အဖြစ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မူလတန်းမှ အထက်တန်းအထိ ကျောင်းအပ်နှံ၊ လက်ခံခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းတွင် စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာအတန်းများအလိုက် လာရောက်ကျောင်းအပ်နှံလျက်ရှိသည်။



မန္တလေးမြို့ရှိ အခြေခံပညာကျောင်းတစ်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေစဉ်။
ဓာတ်ပုံ-Ai(Mdy)



ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်း တစ်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေစဉ်။
ကိုဆက်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း တစ်ကျောင်း၌ ကျောင်းအပ်လက်ခံနေစဉ်။
ပြည့်ဖြိုးပိုင်(သရက်ချောင်း)



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း တစ်ကျောင်း၌ ကျောင်းအပ်လက်ခံနေစဉ်။
ရဲထက်ဦး(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ အခြေခံပညာကျောင်း တစ်ကျောင်း၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံနေကြစဉ်။
ချမ်းသာ (မိတ္ထီလာ)



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အခြေခံပညာကျောင်း တစ်ကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံနေစဉ်။
စန္ဒာမိုး

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများ ထောက်ပံ့ကူညီနိုင်ရန် ရန်ပုံငွေ ပဒေသာကပွဲ ပြုလုပ်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၂၃**

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများကို ထောက်ပံ့ကူညီနိုင်ရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးများ ပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲ ပြုလုပ်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့များ၊ ဂီတအစည်းအရုံးနှင့် သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားသည့်ဧည့်သည်များ တက်ရောက်ကြသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရန်ပုံငွေပဒေသာကပွဲကို ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်း၍ လာမည့် ဇွန် (၂၊ ၃၊ ၄)ရက်များတွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကပြ ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေးကော်မတီ၊ အလှူငွေလက်ခံရေးအဖွဲ့နှင့် ပြန်ကြားရေးကော်မတီ၊ ကြိုဆိုနေရာချထားရေးကော်မတီ စသည်ဖြင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မီဒီယာများကလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် တစ်ဖက်တစ်လမ်းက ကူညီပေးစေလိုကြောင်း၊ နေ့ရက်အလိုက် ကပြဖျော်ဖြေမည့် အစီအစဉ် မူကြမ်းကို ပြုစုထားပါကြောင်း၊ အားလုံးက ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၂၃**

တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ မေ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပြပွဲတွင် တရုတ်နိုင်ငံမှ ကော်ဖီနှင့် လက်ဖက်ခြောက်၊ မဏ္ဍဒေး မီးယား၊ အသင့်စား စားသောက်ကုန်များ၊ ဆိုလာစွမ်းအင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများအပါအဝင် မြန်မာနိုင်ငံမှ မြန်မာ့ကျောက်မျက်ရတနာပစ္စည်းများ၊ ဒေသထွက်ကုန်များနှင့် MSME ထုတ်ကုန်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၃**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၅ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်ပါသည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၅ ပါတီအနက် **ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၅ ပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားပြီးဖြစ်၍ အဆိုပါ ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ နှင်းဆီလမ်းနှင့် ၂၁ လမ်းထောင့်၊ အိမ်အမှတ် (၂၆၁) တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေး ပါတီ (Union Development Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party) ၏ အလံပုံစံ**



**ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၅-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၄)တွင် ပါရှိသည့် **“အလုပ်ရုံနှင့်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (အစား) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန”** ဟု လည်းကောင်း၊ **“အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (အစား) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန”** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

အလုပ်သမားဝန်ကြီးဌာန

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၁၀) ရပ်ကွက်၊ မြို့တော်(၂)လမ်း၊ အမှတ်(စီ/၁၀) တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers’ Development Party)**က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၁၈-၃-၂၀၂၃ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၈ (က)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရသဖြင့် ပြန်လည်ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers’ Development Party)**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers’ Development Party)၏ အလံပုံစံ**



**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers’ Development Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် တာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့များ တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေနေများနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေထောက်ပံ့ပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထို့အတူ မုန်တိုင်းဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ် အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ လေးကန်ကျေးရွာအုပ်စုအား စားရေရိက္ခာနှင့် အဝတ်အထည်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ရေသန့်ဖြန့်ဝေနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ သံတွဲမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် ဌာနဆိုင်ရာ အဆောက်အဦများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး**

ထို့အတူ မြောက်ဦးခရိုင် မြေပုံမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်း(သဲတန်)နှင့် (မြေပုံ)တို့၌ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ ထောက်ပံ့လှူဒါန်းသော အမိုးသွပ်ပြားများကို သွားရောက်ထောက်ပံ့လှူဒါန်းပြီး မာန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆောင်ပီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် အမိုးသွပ်များကို သွားရောက်ထောက်ပံ့ပေးအပ်ပြီး အဆိုပါမြို့ရှိ ဗဟိုသာသနာပြုကျောင်းတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ မတူပီမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ထေရဝါဒတောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အဦများ ပျက်စီးနေမှုအခြေအနေများနှင့် လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့များက စာရင်းကောက်ယူထားရှိမှုများအား လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၃**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

**တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်**

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်များ တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

**ကူညီကယ်ဆယ်ရေး ပစ္စည်းများပို့ဆောင်**

အလားတူ ယနေ့တွင်လည်း တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် ဝန်ကြီးဌာနများမှ လှူဒါန်းသည့် မြေပဲအိတ်များ၊ ATOM ဆက်သွယ်ရေးပစ္စည်းများ၊ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လက်ဖက်ရည်ထုပ်များ၊ ပဲမျိုးစုံအိတ်များ၊ ခေါက်ဆွဲခြောက်များ၊ ကြက်သွန်နီအိတ်များ၊ ဘဲဥများ၊ ဆိုလာဓာတ်မီးများ၊ စားဆီပုံးများ၊ ဟင်းသီးဟင်းရွက်များ၊ MPT ဆက်သွယ်ရေးပစ္စည်းများ၊ မိုးကာများ၊ ဘက်ထရီအိုးများ၊ အဝတ်အထည်များ၊ ကြက်ဥများ၊ ဘုရားဆင်းတုတော်များ၊ သွပ်၊ စားသောက်ကုန် ပစ္စည်းများ၊ မီးစက်နှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် လေးကြိမ် ပို့ဆောင်ပေးခဲ့သည်။



အဆိုပါတပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာရှာလူငယ်များ သူတို့အနာဂတ်ကို လေးစား

ခင်သန်းမြင့်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူငယ်ထုအတွက်ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများက ယခင်ခေတ်များနှင့်မတူ ပို၍ကြီးမားလာသည်။ ကုလသမဂ္ဂကလည်း ကမ္ဘာ့လူဦးရေနေ့ (World Population Day)၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day)အခမ်းအနားများတွင် လူငယ်များနှင့်ဆက်စပ်၍

"လူငယ်တွေဟာ မည်သည့်လူ့အဖွဲ့အစည်းမှာမှ ဝန်ထုပ်ဝန်ပိုးအသွင် မဖြစ်စေရေး၊ လူငယ်တွေဟာ အဖိုးထက်ဆုံးရတနာများဖြစ်စေရမည်"

"လူငယ်များကျန်းမာရေးကောင်းရမည်၊ လေးစားလောက်သူများဖြစ်ရမည်၊ ပါဝင်စွမ်းဆောင်ခွင့်ရှိရမည်"

"လူငယ်များအတွက် သိက္ခာရှိပြီး ထုတ်လုပ်မှုရှိတဲ့ အလုပ်တွေဖွင့်ပေးကြပါ"

စသည်ဖြင့် ဆောင်ပုဒ်များ၊ လှုံ့ဆော်မှုများ၊ ကြွေးကြော်မှုများကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။

တစ်ဖက်မှာလည်း ယနေ့ခေတ်လူငယ်မျိုးဆက်သစ်များသည် ယခင်က မျိုးဆက်များထက် ပညာပို၍တတ်လာကြသော်လည်း အပြိုင်အဆိုင်ပိုများ၍ ပိုခက်ခဲမည်။ အလုပ်အကိုင်ရှာဖွေရာတွင်လည်း အခက်အခဲအတားအဆီးများစွာနှင့် ကြုံတွေ့ကြရလိမ့်မည်ဟု သုံးသပ်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများ ကြားတွင်လည်း ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများက ပို၍မြင့်မားလာသည်နှင့်အမျှ နိုင်ငံအသီးသီးသည် ပညာခေတ်နှင့်လိုက်လျောညီထွေ လိုက်ပါစီးမျောနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ပြီးခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် ပြည်လုံးဆိုင်ရာကိုယ်စားလှယ်များ ညီလာခံတွင် ပညာရေး၊ သိပ္ပံနည်းပညာနှင့် လူရည်ချွန်တို့သည် ဆိုရှယ်လစ်စနစ်ခေတ်မီနိုင်ငံတော်ဘက်စုံ တည်ဆောက်ရေးအတွက် အခြေခံနှင့် မဟာဗျူဟာမြောက် ပံ့ပိုးမှုများဖြစ်သည်။ သိပ္ပံပညာသည် နံပါတ်တစ် ထုတ်လုပ်မှုစွမ်းအား၊ လူရည်ချွန်သည် နံပါတ်တစ်အရင်းအမြစ်၊ ဆန်းသစ်တီထွင်မှုသည် နံပါတ်တစ်မောင်းနှင်အားဟူ၍ ကိုင်စွဲပြီး သိပ္ပံနှင့်နည်းပညာနှင့် ပညာရေးဖြင့် နိုင်ငံရှင်သန်တိုးတက်ရေး မဟာဗျူဟာ၊ လူရည်ချွန်ဖြင့် နိုင်ငံတောင့်တင်းခိုင်မာရေး မဟာဗျူဟာ၊ ဆန်းသစ်တီထွင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေး မဟာဗျူဟာတို့ကို နက်ရှိုင်းစွာ အကောင်အထည်ဖော်ဆောင်ရမည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်သစ်၊ လမ်းကြောင်းသစ်များ ဖွင့်လှစ်၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ချက်သစ်များ၊ အားသာချက်အသစ်များကို အဆက်မပြတ် ဖန်တီးပုံဖော်ရမည် စသည်ဖြင့် သုံးသပ်ရည်မှန်းချက်များအဖြစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် "ပြည်သူလူထုကိုဗဟိုပြု၍ ပညာရေးဖွံ့ဖြိုးတိုးတက်စေပြီး အရည်အသွေးမြင့်မားသော ပညာရေးစနစ်ကို အရှိန်အဟုန်မြင့် တည်ဆောက်ရန်၊ အရည်အသွေးပြည့်ဝသော ပညာရေးဖော်ဆောင်ရန်၊ မသင်မနေရ ပညာရေး အရည်အသွေးမြင့်မားစွာ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နှင့်မြို့ပြတစ်သားတည်း ဖြစ်စေရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒေသတွင်းပညာရေးအရင်းအမြစ်ခွဲဝေမှုကို ပိုမိုကောင်းမွန်စေပြီး မူကြိုပညာရေး၊ အထူးပညာရေး၏ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြု ဖွံ့ဖြိုးတိုးတက်မှုအားကောင်းစေရန်၊ အထက်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ပညာသင် ကျောင်းသားအားလုံးကို လွှမ်းခြုံထားသော ထောက်ပံ့ရေးစနစ်ကို ပြီးပြည့်စုံမှု ဖြစ်စေရန်၊ ဒစ်ဂျစ်တယ် ပညာရေးကို မြှင့်တင်၍ ပြည်သူတစ်ရပ်လုံး တစ်သက်တာသင်ယူလေ့လာနိုင်သော သင်ယူလေ့လာမှုပုံစံ လူ့အဖွဲ့အစည်း၊ သင်ယူလေ့လာမှုပုံစံ နိုင်ငံကြီးအဖြစ် တည်ဆောက်ရန်ရည်မှန်းထားသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာ့လူ့အဖွဲ့အစည်းသည်လည်း ပညာကိုဦးထိပ်ပန်ဆင် ရှေ့တန်းတင်လေ့ရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ မိဘနှစ်ပါး၏အလိုလိုက်မှုကြောင့် ငယ်စဉ်က စာမသင်ခဲ့သော ကုဋေရှစ်ဆယ် သူဌေးသားသည် ကြီးသောအခါဝယ် အမွေပစ္စည်းများဆုံးရှုံး၍ ခွက်လက်ဆွဲကာ တောင်းစားရသည့် ဇာတ်နိပါတ်များပင် ယခင်က ကျောင်းသင်ခန်းစာအဖြစ် ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

ကုလသမဂ္ဂက အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား အရွယ်အပိုင်းအခြားကို လူငယ်အဖြစ် သတ်မှတ်ထားသကဲ့သို့ မြန်မာလူ့အဖွဲ့အစည်း၌လည်း ရှေးအစဉ်အဆက်ကတည်းက ပညာရှာရမည့် ပထမအရွယ်ကို ငယ်စဉ်ကာလမှ အသက် ၂၅ နှစ်အထိ ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအရွယ်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအရ ပညာရေးဆိုင်ရာများကို လေ့လာကြရမည့်အချိန်ပိုင်း ဖြစ်သည်ဟု ဆိုသည်။

ပညာသင်ယူသည့် အခါတွင်လည်း အတိုကောက်အားဖြင့် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခဟူ၍ မှတ်သားပြီး ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်ငုံဆောင်ခြင်းဟူသည့် ပညာပွားရာသော အကြောင်းတရား

**❖ ပညာခေတ်တွင် မိမိတို့၏ ရင်သွေးငယ်များ နောက်ကျကျန်ရစ်မှု မဖြစ်စေရန်၊ ဆုံးရှုံးနစ်နာမှုမရှိစေရန် မိဘတို့က ဝတ္တရားရှိသည့်အတိုင်း ငယ်စဉ်ကတည်းက ပညာသင်ကြားနိုင်ရန် အခြေအနေကောင်းများကို ဖန်တီးပေးရပါမည်။ ပညာရှာ လူငယ်များ၏ အနာဂတ်ကို အလေးထားလေးစားသောအားဖြင့် မပျက်မကွက် ကျောင်းအပ်နှံ ပေးကြရပါမည်**

ရှစ်ပါးကို ရှေးအစဉ်အဆက်ကတည်းက လမ်းညွှန်မှုပြုခဲ့ပါသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း နှစ် (၃၀) ပြည့် မဟာသုဗောဓာရုံကျောင်းတိုက်နေ့ အထိမ်းအမှတ်အဖြစ် သောတုဇနအရှင်မြတ်တို့အား "သိမြင်လိုလား၊ သုတပွား၊ သုတပွားက၊ ပညာရ၊ ပညာရလျှင်၊ ကျိုးကြောင်းမြင်၊ ကျိုးကြောင်းမြင်က၊ ချမ်းသာရ" ဟူသည့် ထေရဂါထာလာ အဆိုပါဂါထာလေးနှင့်အတူ "သိမြင်လိုမှုဆန္ဒကြောင့် စာပေသင်ယူကြားနာကြသဖြင့် သိမြင်လိုမှုနှင့်အမျှ သုတကိုအခြေခံ၍ ကြံစည်သုံးသပ်ဆုံးဖြတ်ပိုင်ပိုင် သိနိုင်စွမ်းသည့်ဉာဏ်ပညာလည်း တိုးတက်လာရပါသည်။ ဤဆန္ဒနှင့် သုတအခြေခံအကြောင်းနှစ်ရပ်သည် ပညာရရန်အတွက် လုံလောက်သောအကြောင်းနှစ်ရပ် ဖြစ်ပါသည်။ ၎င်းအကြောင်းနှစ်ရပ်ကို ဂါထာရှေ့ထက်ဝက်ဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဂါထာနောက်ထက်ဝက်ဖြင့် ပညာ၏အကျိုးများကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။ ဆန္ဒနှင့် သုတအရင်းခံသဖြင့် ပညာရလာပါပြီ။ ရလာသည့်ပညာမှာ ဘာအကျိုးရှိပါသလဲ၊ မေးရန်ရှိလာပါသည်။ ထိုအမေးအတွက် အဖြေကိုဖော်ထုတ်ထားခြင်းဖြစ်ပါသည်။

ပညာရလာလျှင် ၎င်းပညာဖြင့် အဆိုးအကောင်း အကျိုးအကြောင်းကို ခွဲခြား သိမြင်တတ်ပါသည်။ ပညာမရှိလျှင် မျက်မမြင်နှင့် အလားတူပါသည်။ မျက်မမြင်သူကန်း စမ်းတဝါးဝါး စခန်းသွားလျှင် လိုရာဌာနမရောက်ဘဲ ဒုက္ခအဖုံဖုံ ကြုံရသလို ပညာမရှိလျှင် အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် အမှားမှားအယွင်းယွင်းဖြင့် နောက်ဆုံး ဒုက္ခတွင်း၌သာ နစ်မြုပ်ရပါသည်။ ထို့ကြောင့် အရာရာတွင် အဆိုးအကောင်း အကျိုးအကြောင်းကို ခွဲခြားသိတတ်သော ပညာရရှိရန် လိုအပ်ပါသည်။ ပညာရ၍ ပညာဖြင့် ကျိုးကြောင်းဆင်ခြင်သိမြင်ကာ အရာရာဆောင်ရွက်လုပ်ကိုင်သွားနိုင်သဖြင့် ချမ်းသာသုခ ရရှိနိုင်ပါသည်" စသည်ဖြင့် ပေးပို့သော ဓမ္မလက်ဆောင်ကလည်း ပညာရှာမှီးလိုသူများ အတွက် မှတ်သားနာယူစရာဖြစ်ပါသည်။

"ရှာဖွေခြင်းနှင့် ရရှိခြင်း" တရားတော်တွင်လည်း ဆရာတော်ကြီးက "သုဿူသာ သုတဝဍ္ဎနီ၊ ကြားနာခြင်းငှာ အလိုရှိတယ်၊ ကြားနာတယ်ဆိုတာ ပညာယူနေတာ၊ မှတ်ယူနေတာ၊ အဲဒီ ကြားနာခြင်းဟာ 'သုတ'ဆိုတဲ့ မှတ်သားစရာတွေ ကိုယ့်မှာ တိုးတက်များပြားလာတယ်။ အသိတွေများလာတယ်။ မကြားဖူးတာတွေ ကြားလာလို့ သုတတွေ များလာတယ်။

အဲဒီလို သုတတွေရလာတော့ ဘာဖြစ်လဲ၊ 'သုတံ ပညာယ ဝဍ္ဎန' – အသိပညာတွေ တိုးပွားလာတယ်။ ပညာဆိုတာ ဘာလုပ်ဖို့လဲ၊ ပညာဆိုတာ သဘာဝတရားတွေကို အမှန်သိအောင်စဉ်းစားတတ်တယ်၊ မြင်တတ်တယ်၊ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိတယ်၊ အဲဒါကို ပညာလို့ ခေါ်တယ်။ သုတကို အခြေခံလိုက်တဲ့အခါ ကိုယ့်သန္တာန်မှာ Knowledge လို့ခေါ်တဲ့ ပညာတွေရလာတယ်။

အဲဒီပညာတွေရလာတဲ့အခါ ဘာလုပ်ရလဲဆိုတော့ 'ပညာယ အတ္ထံ ဇာနာတိ' တဲ့၊ အဲဒီ Knowledge ဆိုတဲ့ ပညာတွေရလာတဲ့အခါ ဘဝရဲ့အဓိပ္ပာယ်၊ လောကရဲ့အဓိပ္ပာယ်၊ ဘဝရဲ့ အစစ်အမှန် သရုပ်သကန်တွေကို မြင်လာတယ်။ ဒါတွေက ပညာမရှိရင် မမြင်ဘူးလေ။ အဲဒီတော့ သာမန်ကိစ္စကလေးတွေ မဟုတ်ဘဲနဲ့ ဘဝရဲ့လေးနက်တဲ့အဓိပ္ပာယ်တွေ သိလာတယ်။ ဘဝရဲ့အနှစ်သာရကို သိလာတယ်။ အကျိုးအမြတ်တွေကို စဉ်းစားတတ်လာတယ်။ ဘာလုပ်သင့်တယ် ဘာမလုပ်သင့်ဘူးဆိုတာကို ခွဲခြားပြီး သိလာတယ်။ အဲဒါကိုပြောတာ၊ 'ပညာယ အတ္ထံဇာနာတိ' လေးနက်တဲ့အဓိပ္ပာယ်တွေကို သိလာတယ်။

သိလာတဲ့အခါ ဘာဖြစ်တုန်းဆိုတော့ 'ဉာတော အတ္ထော သုခါဝဟော' အဲဒီလို သိလာတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီလေးနက်တဲ့ အဓိပ္ပာယ်အတိုင်း မလုပ်သင့်တာကို ရှောင်တယ်။ လုပ်သင့်တာကို လုပ်တယ်။ ဘဝမှာ အပြစ်ကင်းအောင်နေတယ်။ အပြစ်ရှိတာကို ရှောင်တယ်။ အပြစ်ကင်းတာကို ဆောင်တယ်ဆိုတော့ ဘဝမှာလုပ်သင့်တာတွေလုပ်ပြီး မလုပ်သင့်တာကို ရှောင်သည့်အတွက်ကြောင့် ပြဿနာတွေ မကြုံတော့ဘဲနဲ့ လက်ရှိဘဝမှာလည်း အေးချမ်းသာယာမှုရတယ်" စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ထို့အတူ 'ပညာ န ရာနံ ရတနံ-အသိပညာသည်သာ လူရဲ့ရတနာ၊ ပညာသည်သာလျှင် လူသားတို့အတွက် ရတနာဖြစ်ပါတယ်'ဟု ဆရာတော်ကြီးက မိန့်ကြားတော်မူပါသည်။

၂၀၂၃-၂၀၂၄ စာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်ရောက်လာပါပြီ။ ပညာခေတ်တွင် မိမိတို့၏ ရင်သွေးငယ်များ နောက်ကျကျန်ရစ်မှု မဖြစ်စေရန်၊ ဆုံးရှုံးနစ်နာမှုမရှိစေရန် မိဘတို့က ဝတ္တရားရှိသည့်အတိုင်း ငယ်စဉ်ကတည်းက ပညာသင်ကြားနိုင်ရန် အခြေအနေကောင်းများကို ဖန်တီးပေးရပါမည်။ ပညာရှာ လူငယ်များ၏ အနာဂတ်ကိုအလေးထား လေးစားသောအားဖြင့် မပျက်မကွက် ကျောင်းအပ်နှံပေးကြရပါမည်။ ပညာရှာ လူငယ်များ အနေဖြင့်လည်း အပြိုင်အဆိုင်ပို၍ ကြီးမားလာသော ယနေ့ကမ္ဘာတွင် သာမန်ထက်ထူးချွန်သည့် လူရည်ချွန် ပညာတတ်ကြီးများဖြစ် လာစေရန် ကိုယ်တိုင်ကြိုးစားလေ့လာ သင်ယူကြရန် လိုအပ်ပါသည်။ တစ်ခေတ် တစ်ခါက နာမည်ကျော် အဆိုတော် အစ်မအယ်လ်ခွန်းရီ၏ အကျိုးပြု တေးသီချင်းတစ်ပုဒ်ကို ပြန်လည်အမှတ်ရကြားယောင်လာမိသည်။

သီချင်းခေါင်းစဉ်က "စိမ်းလန်းရေး"။

"နွေလွန်ရင် မေ၊ ဇွန်ရာသီ မိုးစက်တွေ၊ စိုစို့ရွှဲ သည်းကြတော့မယ်။ မြေပြင်တခို စိုပြည်အောင် သစ်ရွက်တွေ၊ စိုစိုစိမ်းယိမ်းကတော့မယ်။ စိုပြည်အောင်ရွာပါစေကွယ် မိုးမင်းရယ်၊ ဒီကမ္ဘာကြီး စိမ်းလန်းရေးကွယ်။ ဒီအချိန်မှာ စာသင်ရန် ကျောင်းတံခါးတွေ၊ တစ်ကြိမ်ပြန်ပြီး ဖွင့်ကြတော့မယ်။

"ပညာရှာလူငယ်များ၊ ကျန်းမာစိမ်းလန်းရေး... အရေးကြီးတဲ့နေ့တွေကွယ်၊ သူတို့ အနာဂတ်ကို လေးစား။

"ဒီကမ္ဘာကို ပျော်ရွှင်ပါစေ စိမ်းလန်းရေးရယ်၊ လူငယ်များစိမ်းလန်းရေးကွယ်။ အမှန်ဆိုရင် ပုံဝင်အောင်ကွယ် လမ်းပြရမယ်၊ ဒီလိုအရွယ်ကတည်းက လမ်းရွေးမယ်။

"လူငယ်တွေ ကမ္ဘာကိုသင်ယူ အမှားကင်းစေ၊ ကမ္ဘာကြီးစိမ်းလန်းရေးကွယ်။ ဒီအိမ်မှာ ကိုယ်သီချင်းတစ်ပုဒ် ဖွဲ့လိုက်မယ်၊ လူငယ်များ စိမ်းလန်းရေးကွယ်"

သံစဉ်၊ စာသားများကား အဓိပ္ပာယ်ပြည့်ဝလှပလို့ နေပါသည်။ အနာဂတ်နိုင်ငံတော်နှင့် ပညာရှာလူငယ်များ၏ အနာဂတ်ကို ကျွန်မတို့မြန်မာ့လူ့အဖွဲ့အစည်းက အလေးထား လေးစားသမှုပြုကြရပါမည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ **ကျောင်းအပ်နှံရေး ရက်သတ္တပတ်နေ့**ရက်များသည် ပညာရှာလူငယ်များအတွက် အရေးကြီးသော နေ့ရက်များ ဖြစ်ပါတော့သည်။ ။

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade–1) သို့ အပ်နှံရန်။

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုမြင်ကွင်း

၂၀၂၃-၂၀၂၄ ပညာသင်နှစ်(ကျောင်းအပ်နှံရေးသီတင်းပတ်)အဖြစ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၌ မူလတန်းမှ အထက်တန်းအထိ ကျောင်းအပ်နှံ လက်ခံခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းတွင် စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာအတန်းများအလိုက် လာရောက်ကျောင်းအပ်နှံ ဆောင်ရွက်လျက်ရှိသည်။



မိုင်းယုဒေသအတွင်းရှိ အခြေခံပညာကျောင်းများတွင် မေ ၂၃ ရက် နံနက်ပိုင်းမှစ၍ ကျောင်းအပ်လက်ခံလျက်ရှိပြီး လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ အခမဲ့ထုတ်ပေးစဉ်။ ကိုကိုနိုင်



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြစဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုကို မေ ၂၃ ရက် နံနက်ပိုင်းမှ စတင်လက်ခံပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ အခမဲ့ထုတ်ပေးစဉ်။ မယု(ငဖဲ)



ဇီးကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်း ၁၀၄ ကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် KG တန်းမှ Grade – 12 အထိ သက်ဆိုင်ရာအတန်းများအလိုက် လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ တင့်ဆွေ(ပြန်/ဆက်)



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား မေ ၂၃ ရက် နံနက်ပိုင်းမှစ၍ ကျောင်းအပ်လက်ခံဆောင်ရွက်စဉ်။ ထွေးငယ်(နောင်ချို၊ ပြန်/ဆက်)



ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၂ ကျောင်းတွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား မေ ၂၃ ရက် နံနက်ပိုင်းမှစ၍ ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးစဉ်။ အောင်ကို(ပြန်/ဆက်)



ကြို့ပင်ကောက်မြို့နယ်ရှိ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံကြသော ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ပုံနှိပ်စာအုပ်များ အခမဲ့ပေးအပ်စဉ်။ ဇေယျာထွန်း(ကြို့ပင်ကောက်)

# ဥပဒေဘောင်အတွင်း လက်နက် / ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား ၂၀၂၃ ခုနှစ် မေ ၉ ရက်မှ ၁၆ ရက်အထိ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဥပဒေဘောင်အတွင်းဝင်ရောက်**

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့မှုကြောင့် မေ ၂၂ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် ၎င်း၏မိသားစုဝင် နှစ်ဦးတို့သည် KA-22 သေနတ် တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး တစ်လုံး၊ အမ်ဂျီ-၁ လက်ပစ်ဗုံး တစ်လုံး၊ ခဲယမ်းများနှင့်အတူ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သေနတ်တစ်လက်အတွက် ငွေကျပ်သိန်း ၅၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ၅၆ သိန်းကို ဆုကြေးငွေအဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိနေသူများ ကျန်ရှိနေသေးကြောင်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်အရ သိရှိရသည်။

**ကြိုဆိုလက်ခံပေးသွားမည်**

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၃**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ လေဘေးသင့်ပြည်သူများအား ဆန်များ၊ စားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ရှိ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသော နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အရှေ့တောင်ရပ်ကွက်ရှိ လေဘေးသင့်ပြည်သူများအား သောက်သုံးရေဖြန့်ဝေပေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေး၍ အငူမော်ကုန်းတန်းကျေးရွာရှိ စာသင်ကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က လေဘေးသင့်ပြည်သူများအား ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကာ ကျောင်းဝင်းအတွင်း လဲကျနေသောသစ်ပင်ကြီးများ၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ပေးပြီး တန်းအေးကျေးရွာရှိ လေဘေးသင့်ပြည်သူများအား သောက်သုံးရေဖြန့်ဝေပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးသည်။ ထို့ပြင် လေးကန်အုပ်စု၊ လေးကန်ကျေးရွာနှင့် ပေါက်တောကြီးကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ဆန်များ၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ရှိ လေဘေးသင့်ပြည်သူများအား သောက်သုံးရေအဆင်ပြေစေရေး ရေသန့်ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဘူးသီးတောင်မြို့အတွင်း၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး လိုအပ်သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

မြောက်ဦးမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြောက်ဦးမြို့အတွင်း၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး လိုအပ်သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများအနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံးသွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ

**နေပြည်တော် မေ ၂၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်



စက်ရုံများက ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးသို့ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးတစ်ဝိုက်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက ယနေ့ညနေပိုင်းတွင် လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်တစ်ဦးသေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးတစ်ဝိုက်၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက မြို့၏အနောက်မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်မှုကို လိုလားသူများသည် မြို့၏မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး သွားခဲ့ကြောင်းနှင့် အဆိုပါ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျိုက်ဒုံမြို့အဝင် တံတားအနီးသို့ ကျရောက် ပေါက်ကွဲခဲ့ရာ အသက် ၁၄ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အသက် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(မြေညီကျောက်) မြန်မာပါဠိနှင့် နိဿယအဋ္ဌကထာ ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၉ ဆူ | ၇၂၉ | - |
| ၂။ | သာသနာ့ဗိမာန်တော်(ဒိမ်တော်ကြီး)(၂၈၀×၂၈၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၃၃၃၃ သိန်း | ၄၆၈၈၇ သိန်း |
| ၃။ | ဘုရားဇရပ်(၅၄×၁၁၀)၂ဆောင် | ၂၅၇၈.၀၀ | ၆ | ၆ | - |
| ၄။ | ဓမ္မာရုံ(၁၈၀×၂၄×၂၂)ပေ | ၄၈၁၁.၀၀ | ၁ | - | ၁ |
| ၅။ | ခေါင်းလောင်းစင်(၇၂×၁၀၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၈၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၅၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၃၂၈၄.၃၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးမြေလွှတ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေတွင်းအဆောင်(အရှည် ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၅၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းဆီးမျှော်အိမ်(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ရှေးဟောင်းလက်ရာ ၂၅ ပေ | ၄၁.၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ဆောင်တိုင်(ကျောက်ဖြူမာရွံ) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၀ တိုင် | - | ၂၀၀ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း ဒိန်းဘောင်ကျောက်ကနုတ်ပန်း (ကျောက်ဖြူမာရွံ) | ၅.၀၀ | ၆၁၂ ခု | ၁၁၁ ခု | ၅၀၁ ခု |
| ၁၆။ | ကျောင်းကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၇၆.၇၅ ကျင်း | - | ၇၇၇၆.၇၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာ) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မ ထောင်ခြင်း | ၆.၅၀ | ၈၄၇၇ ကျင်း | - | ၈၄၇၇ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂၇၇၁၁.၀၂ | ၁ | ၁၃၈၈၅ သိန်း | ၁၃၈၂၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်မြောက်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၁၆၈၆.၁၈ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအပြင်ပတ်လမ်းနှင့်ခြံစည်းရိုးကြမ်းခင်းလေလုပ်ငန်းများဖြင့်လုပ်ဆောင်ခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်နှင့်မြောက်(၆၄၈၂ စပေ) | ၁၅၉၄.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်နှင့်ပြင်(၅၅၅၂ စပေ) | ၁၂၈၆.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောင်းကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်ပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅.၂၀ | ၄၇ | - | ၄၇ |
| | (စ) အလှပ်/အမြင့် မီးနှင့်အမြင့်ရေစက်ပွတ်ခြင်း | | | | |
| | ၁။ အလှပ်/အမြင့် မီးဆက်သွယ်ခြင်း | ၅၀၀.၀၀ | ၁ | - | ၁ |
| | ၂။ အမြင့်ရေဆောက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေဆင်းမြောင်းမြှော်စင်(၁၂ ပေ × ၁၇၆ ပေ) | ၂၅၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန်) ၂ မျက်နှာဖုံး(Creamy Paper) လှူဒါန်းနိုင်ရေး(၅၇ ကျမ်း(၄၀ အုပ်))တစ်စုလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန်) ၂ မျက်နှာဖုံး(Bibble Paper) လှူဒါန်းနိုင်ရေး(၅၇ ကျမ်း(၄၀ အုပ်))တစ်စုလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်နေ ဦးအောင်ကျော်ကျော်သန်း (ဘ - ဦးအောင်ကြည်) ၈/ရနခ(နိုင်) ၀၀၀၅၄၁ နှင့် ဒေါ်မိုးသီတာ(ဘ- ဦးဇော်ဝင်း) ၁၂/ကမတ(နိုင်) ၀၀၁၄၆၄ တို့က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရေနံချောင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန်(၂-၉-၂၀၂၀)ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၈/၂၀၂၀)အရ မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-

SM Footwear

SM Footwear

SM Footwear

အထက်အမည်ပါကုန်အမှတ်တံဆိပ်အား ဆေးရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ စာလုံးဒီဇိုင်းအမျိုးမျိုးအသုံးပြုလျက် အမျိုးသားစီးဖိနပ်၊ အမျိုးသမီးစီးဖိနပ်၊ 'မ'ကလေးစီး၊ 'ကျား'ကလေးစီး၊ ရှူးဖိနပ်အမျိုးမျိုး၊ အားကစားဖိနပ်မျိုးစုံ၊ ခြေအိတ်အမျိုးမျိုး၊ ကွင်းထိုးဖိနပ်၊ သားရေဖိနပ်၊ ကတ္တီပါဖိနပ်၊ နွေ/မိုး/ဆောင်း ဥတုသုံးပါးစီးဖိနပ် အမျိုးစုံတို့အပေါ်တွင် ကပ်နှိပ်ဖော်ပြ၍လည်းကောင်း၊ ရိုက်နှိပ်ဖော်ပြ၍လည်းကောင်း၊ အသားတံဆိပ်အဖြစ်ထွင်း၍လည်းကောင်း အသုံးပြုလျက် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား၊ ကိုယ်စားလှယ်များမှတစ်ဆင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထည့်သွင်း၊ ထုပ်ပိုးပစ္စည်းများဖြစ်သည့် စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်တို့တွင် ကပ်နှိပ်/ရိုက်နှိပ်၍သော်လည်းကောင်း၊ ကြော်ငြာရာတွင် အသုံးပြုသည့် စာရွက်စာတမ်း၊ လက်ကမ်းစာစောင်၊ Vinylများ၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ ဘောက်ချာစာရွက်၊ ကြော်ငြာဆိုင်းဘုတ်၊ Letter Head, Business Card, Social Media, Website, Facebook စာမျက်နှာတို့တွင်လည်းကောင်း ခေတ်နှင့်အညီ ပေါ်ပေါက်လာမည့်နည်းပညာများ အသုံးပြု၍ ကြော်ငြာရာတွင်မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ်အား အသုံးပြုဖော်ပြသွားမည်ဖြစ်ပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ ကောင်းသောဂုဏ်သတင်းအား ထိခိုက်စေမည့် ဆင်တူယိုးမှားထုတ်လုပ်ရောင်းချခြင်း၊ တုပထုတ်လုပ်ခြင်း၊ ဈေးကွက်အတွင်း ဖြန့်ချိခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း စုံစမ်းကြားသိရပါသည်။ ကုန်သည်ကြီးများ၊ လက်လီ/လက်ကားကိုယ်စားလှယ်များအနေဖြင့်လည်း အတုပြုလုပ်ထားသော တံဆိပ်ထုတ်ကုန်များကို လက်လီ/လက်ကား၊ ဖြန့်ချိရောင်းချခြင်းမပြုဘဲ SM Footwear တံဆိပ်အစစ်အမှန်များကိုသာ ဖြန့်ချိရောင်းချကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အတုပြုလုပ် ဖြန့်ချိ၊ ရောင်းချသူများအနေဖြင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ ဆင်တူယိုးမှားထုတ်လုပ်ရောင်းချခြင်း၊ တုပထုတ်လုပ်ခြင်း၊ ဈေးကွက်အတွင်း ဖြန့်ချိခြင်း၊ ကိုယ်စားလှယ်များမှတစ်ဆင့်ရောင်းချခြင်း၊လက်လီ/လက်ကားရောင်းချခြင်းတို့ကိုမပြုလုပ်ကြရန်နှင့်သုံးစွဲသူများကြားတွင်ထင်ယောင်ထင်မှားမဖြစ်စေရန်တရားဝင်ဖြန့်ချိရောင်းချသည့်SM Footwearတံဆိပ်ထုတ်ကုန်များကိုသာ ဝယ်ယူအားပေးနိုင်ရန်အလို့ငှာ ဤအမှတ်တံဆိပ်ပိုင်ရှင်မှပေးအပ်သော အထောက်အထားများအရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ချိခြင်း၊ ကိုယ်စားလှယ်မှတစ်ဆင့် ရောင်းချခြင်း၊ လက်လီ/လက်ကားရောင်းချခြင်း၊ ဈေးကွက်အတွက်ဖြန့်ချိခြင်း စသည်တို့ကို မပြုလုပ်ကြရန် တားမြစ်ပါသည်။ အတုအပပြုလုပ်၊ သုံးစွဲ၊ ရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိပါက တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးကုန်ကျသော ငွေကြေးများအတွက် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးအောင်(B.A,R.L,D.B.L,B.D.S) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၁၄)**

**ဒေါ်နှင်းယုအောင်**
**LL.B,D.B.L,(Dip in English)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၉၄)**

**ဒေါ်ခင်သန္တာဝင်း**
**B.A(History),PGDL,(Dip in English)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၂၉၅)**

**အမှတ်(၁၆၀)၊ ၄ဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၄၄၃၀၀၂၆၀၇၊ ၀၉-၂၅၄၀၆၁၄၆၉၊ ၀၉-၄၅၀၀၂၄၀၃၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7514 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ စွန်းလွန်းဂူလမ်းသွယ်၊ အမှတ် ၁၀နေ ကျွန်မ ဒေါ်တင်ဟန်ထွေး (ဘ)ဦးလှချစ်တင် ၁၂/ရကန (နိုင်) ၀၅၄၄၈၁ ၏ နိုင်ငံကူးလက်မှတ် MD-668221 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပတ်သို့ ဆက်သွယ်၍ အကြောင်းကြားပေးပါရန်။

**ဒေါ်တင်ဟန်ထွေး**
**၁၂/ရကန(နိုင်)၀၅၄၄၈၁**
**ဖုန်း-၀၉-၇၆၄၇၃၃၇၀၆**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မုဒုံမြို့၊ မြို့မ(၃)၊ အောင်သီရိလမ်းသွယ်(၃)လမ်း၊ အိမ်အမှတ် (၈)နေ ၁၀/မဒန(နိုင်)၀၁၈၃၂၅ ကိုင်ဆောင်သူ မွန်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သည့် (ဘ)ဦးကျော်သိန်း၏သမီး ဒေါ်သီသီလွင်နှင့် မော်လမြိုင်မြို့၊ ကျိုက်သန်လန်ဘုရားအနီး၊ စောင်းတန်းဦးဘုန်းကြီးကျောင်းတွင် နေထိုင်သူ ၁၀/မဒန(နိုင်)၀၃၂၉၁၁ ဦးသန်းဌေးနှင့် မုဒုံမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့တွင် ၈-၇-၂၀၂၂ရက်က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းနှင့်မှ ပတ်သက်သက်ဆိုင်ခြင်း မရှိတော့ကြောင်းနှင့် ဦးသန်းဌေးသည် ကွာရှင်းပြတ်စဲပြီးဖြစ်သည့် ဒေါ်သီသီလွင်နှင့် ပတ်သက်၍ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီးတစ်နည်းနည်းဖြင့် သိက္ခာကျဆင်းစေရန် အရှက်ရစေရန်၊ အသရေပျက်စေရန် ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးသန်းဌေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၄၄၉၂(၈-၄-၁၉၈၈)**
**အမှတ် (ခ)၊ မြစေတီလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်**

## မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အထက (၁) Grade(A)မှ မနွေးနွေးသီရိဝင်း(ဘ)ဦးနန်းထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၂၀၀၈ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးတင်မျိုးဆွေ ၉/တသန(နိုင်)၁၅၃၉၉၂ ၏ သမီး ရပ်စောက်မြို့နယ်၊ အမက-ပိန္နဲပင်(ရွာသစ်)ကျောင်း Grade-1 မှ မယွန်းအိလွင် အား ယနေ့မှစ၍ မယွန်းပိုးအိမ် ဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းပိုးအိမ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/12734 ယာဉ်လက်ဝယ်ရှိသူ ဦးစောဒိုင်းမွန်းဘရိုက် ၂/ဒမဆ(နိုင်) ၀၃၅၅၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(လှိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၈၈၆၉၁, Yunde -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၇/ပတန(နိုင်)၀၃၁၂၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/တပင်ရွှေထီး၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ၀ဒသမ၁၄၄ဧကအား ဦးဝေမိုး (ဘ)ဦးတင်မြင့် ၉/တကန(နိုင်)၀၉၉၂၁၉ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၅၇၇/၂၀၂၃၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမည်ပြောင်း** တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အလက(ခွဲ) ထုံးဖို KG အောင်မှ မဂျူးဇင်မိုးအား ယနေ့မှစ၍ မတင်နီလာဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မတင်နီလာဝင်း**

**ဖခင်အမည်မှန်** တောင်ကြီးမြို့၊ အထက(ခွဲ) နားဘောင် Grade- 4 အောင်မှ ခွန်ကျော်ဇေယျ၏ ဖခင်အမည်မှန်မှာ ခွန်မောင်ဖြူ ၁၃/တကန(နိုင်) ၂၀၇၂၄၀ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ အမှတ် (၉၃၃)၊ မြို့မ (၁၂)လမ်း(အရှေ့)၊ (၄/မြောက်ရပ်ကွက်)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ (၁) ဦးစိုးထွန်းဇော် ၁၃/လရန(ပြု)၀၀၀၀၇၇၊ (၂) ဒေါ်စောနွယ်ဦး ၁၃/ကမန(နိုင်)၀၂၃၃၈၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကန့်မလာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၄၇၈-ကန့်မလာ)၊ ဦးပိုင်အမှတ် (၃/၅ လယ်ယာမြေ)၊ မြေချိန်ဧရိယာ ၁၀.၈၀ဧကမှာ (ဦးခင်အေး) (၁၆-၂-၂၀၂၃ရက်နေ့ကွယ်လွန်) လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) အမည်ထွက်ရှိထားသည့် လယ်ယာမြေကွက်ကြီးဖြစ်ပါသည်။ ကွယ်လွန်သူ (ဦးခင်အေး)၏ အမွေစားအမွေခံ ကျန်ရစ်သူတစ်ဦးတည်းသောဇနီး ဒေါ်စိန်မြ ၁၂/ကခက(နိုင်)၀၁၈၈၆၈နှင့် သား/သမီးများဖြစ်ကြသူ မဌေးဌေးမူ ၁၂/ကခက(နိုင်)၀၈၂၇၈၁၊ သမီးငယ်မစိုးစိုးမူ ၁၂/ကခက(နိုင်)၀၈၂၅၃၄၊ သားငယ်မောင်ကျော်နိုင်ခင် ၁၂/ကခက(နိုင်)၀၈၂၅၂၉တို့က ကွယ်လွန်သူ (ဦးခင်အေး) အမည်ပေါက် လယ်ယာမြေ (၁၀.၈၀)ဧကအနက်မှ ၄.၂ ဧက၊ အရှေ့လားသော် ဦးစိန်ထွန်း ပိုင်မြေကွက်၊ အနောက်လားသော် ဦးမြနှင်း ပိုင်မြေကွက်၊ တောင်လားသော် ငှက်ကြီးဒေါင်-သောင်ခုံလမ်း၊ မြောက်လားသော် ကန့်မလာကျေးရွာ၊ အနာလေးဖက်အတွင်းတည်ရှိသည့် လယ်ယာမြေကိုခွဲခြမ်းရောင်းချမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေများအား စကားကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေများကလည်း ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေပေးအရောင်းအဝယ်စာချုပ်တစ်စောင်ကို ၁၇-၅-၂၀၂၃ရက်က ချုပ်ဆိုပေးချေခဲ့ပြီးဖြစ်သည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကန့်မလာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၄၇၈-ကန့်မလာကွင်း)၊ ဦးပိုင်အမှတ် (၃/၅ လယ်ယာမြေ)၊ မြေချိန်ဧရိယာ ၁.၉၅ဧကမှာ ဦးစိန်ထွန်း ၁၂/ကခက(နိုင်) ၀၁၈၅၄၇ အမည်ဖြင့် မြေစာရင်းပုံစံ (၁၀၅)ထွက်ရှိထားသည့် လယ်မြေကွက်ဖြစ်သည်။ အဆိုပါဧရိယာ ၁.၉၅ဧကအနက်မှ ၀.၅၀ဧကကို ခွဲခြမ်းရောင်းမည်ဖြစ်ကြောင်း ကျွန်ုပ်တို့မိတ်ဆွေများအား ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေများကလည်း ဝယ်ယူရန် သဘောတူညီသည့်အလျောက် ၁၇-၅-၂၀၂၃ရက်တွင်ပင် အရောင်းအဝယ်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးလယ်ယာမြေကွက်အရောင်းအဝယ်စာချုပ် နှစ်စောင်အတွက် မရောင်းပိုင် မဝယ်ပိုင် တစ်စုံတစ်ဦးက ကန့်ကွက်လိုလျှင် စာရွက်စာတမ်းခိုင်လုံစွာဖြင့် ယခုကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ကျွန်ုပ်တို့မိတ်ဆွေများ ဝယ်ယူသည့်လယ်ယာမြေကွက်အတွက် အရောင်းအဝယ်ဆက်လက်လုပ်ဆောင်ကာ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်အမည်ပြောင်းရန် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ဆက်လက်လျှောက်ထားရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုးထွန်းဇော်**
**၁၃/လရန(ပြု)၀၀၀၀၇၇**
**ဒေါ်စောနွယ်ဦး**
**၁၃/ကမန(နိုင်)၀၂၃၃၈၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင့် (LL.B)** (စဉ်-၇၃၀၇/၂၀၀၅)
**ဒေါ်နန်းခမ်းလိတ် (LL.B)** (စဉ်-၁၄၀၀၈/၂၀၁၇)
(တရားလွှတ်တော်ရှေ့နေများ)
အမှတ် (၁၆၉)၊ ပါရမီလမ်းသွယ် (၅)လမ်း၊
ရပ်ကွက် (၁)၊ နယ်မြေ (၁)၊ လားရှိုးမြို့၊ ဖုန်း-၀၉-၅၂၆၂၁၅၂၊ ၀၉-၄၂၇၃၀၀၀၂၁

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ကြီးကြပ်ရေးအဖွဲ့၊ ချင်းပြည်နယ်
## တင်ဒါအမှတ်စဉ် – (၁/၂၀၂၃–၂၀၂၄)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား
## ပြင်ဆင်သတ်မှတ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်/ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခြင်း တင်ဒါနှင့် လုပ်ငန်းခွင်အရောက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအား သက်ဆိုင်ရာ လမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေး ကြော်ငြာ၍ ဖိတ်ခေါ်အပ်ပါသည်–

**တင်ဒါလျှောက်လွှာ** – ၁၅–၅–၂၀၂၃ ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါလျှောက်လွှာ** – ၂၄–၅–၂၀၂၃ ရက်အစား ၃၁–၅–၂၀၂၃ ရက်
**ပိတ်မည့်ရက်/အချိန်** ညနေ ၁၆:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** – ထပ်မံကြေညာပါမည်
**တင်ဒါဖွင့်မည့်နေရာ** – ထပ်မံကြေညာပါမည်

တင်ဒါလျှောက်လွှာပုံစံများကို ဟားခါးမြို့၊ ကြီးကြပ်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း–၀၉–၄၂၉၈၆၈၇၇၂၊ ၀၉–၈၉၂၇၂၂၈၉၇ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ် (၁၈၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဦးတင်ညွန့် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၃၇၀/V၁၉၉၂–၁၉၉၃ အရ ၃၀–၆–၂၀၂၃ ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးတင်ညွန့်သည် ကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သန်းစိန် ၁/မကန (နိုင်)၀၂၃၃၉ က ၇–၄–၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၄၆/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်သန်းစိန် အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ် ၁၆–ခ/၁၊ ဦးပိုင်အမှတ် ၇၄/၂၊ ဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိမြေကွက်အား ဒေါ်ဖုံးဆွမ့်(ခ)ဒေါ်ဇင်မာအမည်ဖြင့် မြေငှားဂရန်အသစ်ချထားပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ မုံရွာလမ်း၊ မြေကွက်အမှတ်(၉၇၃)ဟုခေါ်တွင်သော အလျား(၄၀)ပေxအနံ(၆၀)ပေ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ ၀ ဒသမ ၀၅၅ ဧကအနက်မှ မြေကွက်အမှတ်(၉၇၂)နှင့် ကပ်လျက်ရှိသော ခြေရင်းဘက်ခြမ်း အလျား(၂၀)ပေxအနံ(၆၀)ပေ ဧရိယာ(၁၂၀၀)စတုရန်းပေ ၀ ဒသမ ၀၂၇ ဧကအကျယ်အဝန်းရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါပစ် အမည်ပေါက် ဒုရဲမှူးကြီး သိမ်းစိုး (SDY–၀၀၀၉၆၈/၁၁/စတန(နိုင်)၀၁၂၅၁၁) ထံမှတဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်သီတာထွေး ၁၂/ရပသ(နိုင်)၀၆၀၃၆၁ မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ဈာန် (LL.B) (စဉ်–၅၀၄၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့**
**ဖုန်း–၀၉–၄၄၄၄၂၁၅၄၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁၄)၊ အိမ်အမှတ်(၁၃၀)နေ ဦးဟောမ်လားလ်၊ ၁/မကန(နိုင်)၁၀၇၇၉၉၊ ဒေါ်သူလ်ဆာဒေဝီ၊ ၁/မကန(နိုင်)၁၀၇၈၀၀ တို့၏သား ဦးဘိုချိုကူမာရ် ၁/မကန(နိုင်)၁၀၇၈၃၂ သည် မိဘနှစ်ပါး၏အမွေကို ဆက်ခံမထိုက်သော သားတစ်ယောက်ဖြစ်သောကြောင့် ယခင်ကပေးခဲ့သော အိမ်ခြံမြေလွှဲအပ်ပေးကမ်းစာချုပ်နှင့် ၎င်းယူသွားခဲ့သော အိမ်စာချုပ်စာတမ်းများအားလုံး ပျက်ပြယ်သွားပြီးဖြစ်ပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းဦးဘိုချိုကုမာရ်နှင့် ပတ်သက်သော ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မိုးနိုင်(အထက်တန်းရှေ့နေ)(စဉ်–၄၄၇၅၅)**
**ဖုန်း–၀၉–၄၅၉၄၆၉၈၉၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးစည်သူ ကျော် ၈/ဂဂန(နိုင်)၁၁၇၀၁၅၏ OWIC ကတ်သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၃၄၉၇၉၄၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဝေဖြိုးသူ ၇/ဝမန (နိုင်)၁၅၉၁၃၁၏ နိုင်ငံကူးလက်မှတ်အမှတ် M 191029 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၆၁၈၄၈၁၆၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဟန်နီဝင်း ၇/ကဝန (နိုင်)၁၃၉၈၉၆၏ နိုင်ငံကူးလက်မှတ် အမှတ် MG–174017 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၈၉၂၉၁၆၄၁၆**

## တစ်ဦးတည်းဖြစ်ကြောင်း

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ စက်သစ်ရပ်၊ မြပုဏ္ဏမာလမ်း၊ အိမ်အမှတ်(၂၆)နေ ဒေါ်ဝင်းဝင်းအေး၏ ဖခင် ဦးသောင်းညွန့်(ခ)ဦးခင်သောင်းညွန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသောင်းညွန့်(ခ)ဦးခင်သောင်းညွန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/58828 LUOJIA 110, M/C ယာဉ်လက်ဝယ်ရှိသူ KHWAR NYO TRADING Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1644 NISSAN FAIRLADY 233, SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူ စိုးပြည့်အောင် ၆/ကသန(နိုင်) ၀၇၁၂၆၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အစုရှယ်ယာ မတည်ရင်းနှီးမြှုပ်နှံငွေ လျှော့ချခြင်း

HBS CONSTRUCTION COMPANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ ShareAmount သိန်း (500)မှ သိန်း(30) သို့လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**KYAW KYAW (MANAGING DIRECTOR)**
**HBS CONSTRUCTION COMPANY LIMITED**

## ဖြည့်စွက်ဖတ်ရှုပါရန်

၁၄–၅–၂၀၂၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)တွင်ပါသော ရှေ့နေ ဒေါ်သက်သက်မွန် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံ(၁)ရပ်ကွက်၊ ထူပါရုံ(၈)လမ်းအနောက် အမှတ်(၉၇၁) စတုတ္ထထပ်(၅–လွှာ)တိုက်ကို မျက်နှာမူရင် ဘယ်ဘက်ခြမ်းဟု အမှန်ဖြည့်စွက်ဖတ်ရှုပေးပါရန်။

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ စံပယ်လမ်း၊ အိမ်အမှတ်(၁၁)နေ ဒေါ်ဝင်းဝင်းမော် (ဘ) ဦးမောင်ဟန် ၁၂/မဂဒ(နိုင်)၁၉၁၅၃၇မှ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းလမ်း၊ (၉) ရပ်ကွက်၊ အမှတ်(၈၁၂/ခ)နေ ဒေါ်နှင်းခင်ဝင်း (ဘ) ဦးခင်ဝင်းအား ၂–၁–၂၀၂၃ ရက် Doc:No 420/T ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပေးအပ်ခဲ့ပါသည်။ ကျွန်မ ဒေါ်ဝင်းဝင်းမော်သည် ဒေါ်နှင်းခင်ဝင်းအား ယခုအခါတွင် ဆက်လက်လွှဲအပ်ရန် ဆန္ဒမရှိတော့သဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းလိုက်ပါသည်။

**ဒေါ်ဝင်းဝင်းမော်(ဘ) ဦးမောင်ဟန်**
**၁၂/မဂဒ(နိုင်)၁၉၁၅၃၇**
**အမှတ်(၁၁)၊ စံပယ်လမ်း၊ ပဲခူးလမ်းရပ်ကွက်၊**
**ထောက်ကြန့်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၅၀၀၅၇၉၀၁**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ် - (၄၇) (၆လွှာ - ဘီ) တိုက်ခန်းအကျယ်အဝန်း(၁၈x၆၀)ပေရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မျိုးမင်း ၁၂/ဗဟန(နိုင်)၀၇၈၅၉၄ မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မျိုးသူ ၁၂/ဗဟန(နိုင်)၁၀၃၁၆၃ မှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မျိုးသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမွန်မွန်သူ (စဉ်–၉၉၄၆)** **ဦးကျော်မျိုးသူ(စဉ်–၁၁၃၅၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်သူရဝင်း(စဉ်–၅၃၀၅၄)(အထက်တန်းရှေ့နေ)**
